# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၆) ရက် ၊ စနေနေ့ ၊ (4-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တေရသမအကြိမ် (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမ အကြိမ် (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨

**နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

# အရည်အသွေးပြည့် သွားကျန်းမာရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးကို ဦးတည်ချက် တစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ယခု နိုဝင်ဘာ ၃ ရက်မှ ၄ ရက်နေ့ထိ နေပြည်တော် MICC II ၌ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (၂၀၂၃) ကို အရည်အသွေးပြည့် သွားကျန်းမာရေး ပြည်သူထံသို့ ဆောင်ကြဉ်းပေးဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ကျင်းပလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ သွားနှင့်ခံတွင်းကျန်းမာရေး အတွက် များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးသည် လူတိုင်း မဖြစ်မနေ ဂရုစိုက်သင့်သော ကျန်းမာရေးကိစ္စ တစ်ခုဖြစ်သည်။ နေ့စဉ် ကျန်းမာစွာ အသက်ရှင်သန်နိုင်ရန် သွားနှင့်ခံတွင်း ရောဂါကင်းဖို့ အရေးကြီးလှသည်။ သွားနှင့်ခံတွင်း သန့်ရှင်းကျန်းမာခြင်းမရှိပါက သွားပိုးစားခြင်း၊ သွားနာ၊ သွားကိုက်ခြင်းတို့ အစပြုကာ သွားနှင့်ခံတွင်းတစ်ခုလုံး ထိခိုက်ပျက်စီးခြင်း၊ နှလုံးရောဂါ၊ ခံတွင်းကင်ဆာများ၊ သွေးတိုးရောဂါ စသည့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် ရောဂါကြီး များ ဆက်စပ်ဖြစ်ပွားလာနိုင်ပေသည်။ ထို့ကြောင့် သွားနှင့်ခံတွင်းကို ဘဝတစ်သက်တာလုံး ကျန်းမာကြံ့ခိုင်နေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းကို မှန်ကန်သောနည်းလမ်းများဖြင့် ဆောင်ရွက်ကြရပေမည်။

ခန္ဓာကိုယ်ကျန်းမာဖွံ့ဖြိုးရေးအတွက် အာဟာရပြည့်ပြည့်ဝဝ ဖြည့်တင်းနိုင်ရန်၊ ကြေညက်စွာ ဝါးခြေနိုင်ရန်အတွက် သွားနှင့်ခံတွင်း ကျန်းမာကြံ့ခိုင်နေရန်လိုအပ်ပါသည်။ ထို့ကြောင့် နေ့စဉ် သွားတိုက်ရာတွင် သွားကြိုသွားကြားမကျန် သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ရမည်။ ခြောက်လ တစ်ကြိမ်ခန့် သွားဆေးခန်းတွင် သွားကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း၊ သုံးလတစ်ကြိမ်ခန့် သွားပွတ်တံကို ပုံမှန်လဲလှယ်ပေးခြင်း၊ သွားပိုးပေါက်များ မဖြစ်ပေါ်စေရန် ဂရုစိုက်ခြင်း စသည် တို့ကို နားလည်တတ်ကျွမ်းသူများ၏ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာကြံ့ခိုင်သန့်ရှင်းစင်ကြယ်အောင်မထားပါက ခန္ဓာကိုယ်တွင် အခြား ရောဂါများဖြစ်ပွားစေခြင်းကို တွန်းအားပေးနိုင်ပါသည်။ သွားနှင့်ခံတွင်းကို ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်သည့် အခြေအနေများမှာ ဆေးလိပ်သောက်သုံးခြင်း၊ သွားပုံမှန်မတိုက်ခြင်း၊ သကြားပါဝင်မှုမြင့်မားသော အစားအသောက်များကို စားသုံးမှုများခြင်းနှင့် အခြားရောဂါများ၏ သက်ရောက်မှု တို့ကြောင့်ဖြစ်ပြီး မိမိနှင့်ကိုက်ညီနေသည့်အချက်ကို အချိန်မီကုစားလိုက်ပါက သွားနှင့်ခံတွင်းဆိုင်ရာ ပြဿနာများ လျော့ပါးကင်းဝေးစေမည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုသည် နိုင်ငံတကာတွင် ကျန်းမာရေးကုန်ကျစရိတ် တန်ကြေးမြင့်မားသော အမျိုးအစားအဖြစ် ပါဝင်သော်လည်း မြန်မာနိုင်ငံတွင် ကုန်ကျစရိတ်သက်သာ သောအခြေအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ ထိုသို့ ပြည်သူ များကို နိုင်ငံတကာနှင့်ယှဉ်လျှင် သက်သာသောငွေကြေးဖြင့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့် ရှောက်ပေးနိုင်အောင် နိုင်ငံတော်အစိုးရက သွားကျန်းမာရေးပညာရှင်များ မွေးထုတ်ပံ့ပိုးပေးလျက် ရှိပါသည်။ ယခုကျင်းပနေသော မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)မှ ထွက် ပေါ်လာသော တိုးတက်ခေတ်မီသော ကုထုံးများ၊ သုတေသနနယ်ပယ်အသီးသီးမှ တွေ့ရှိလာသော ကုသရေးနှင့် ကာကွယ်ရေးနည်းလမ်းများသည်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အဖိုးမဖြတ်နိုင်အောင် အကျိုးရှိမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၂၆၀ ကျော် ထုတ်ချေးပေးထား


ယခင်နှစ်က ဆောင်းသီးနှံစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အတွက် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၂၆၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း အဆိုပါဘဏ်ခွဲမှ တိုင်းဒေသကြီး မန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို ဧက ၄၀၀၀ ကျော်အတွက် ငွေကျပ်သန်း ၄၂၀၀ ကျော်လျာထားပြီး စပါးနှင့် အခြားသီးနှံများ ဧကအလိုက် မြို့နယ် ၁၃ မြို့နယ်ရှိ တောင်သူများကို အောက်တိုဘာလ ဒုတိယပတ်မှစ၍ ထုတ်ချေးပေးနေရာ လက်ရှိအချိန်ထိ မြို့နယ် ရှစ်မြို့နယ်ရှိ စိုက်ဧက ၂၆၀၁ ဧက၊ တောင်သူ ၇၀၁ ဦးအတွက် ချေးငွေကျပ် ၂၆၁ ဒသမ ၇ သန်းကို ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"ဘဏ်က တောင်သူတွေအကျိုးစီးပွားအတွက် ချေးပေးနေတာပါ။ အောက်တိုဘာလ ဒုတိယပတ်ကနေ စတင်ချေးပေးနေတာပါ။ ချေးပေးတဲ့အခါ တောင်သူတွေရဲ့ ပုံစံ(၇)ကို အာမခံရယူပြီး ဘဏ်မှာချေး၊ ဘဏ်မှာဆပ်စနစ် ဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေကို အဓိက ထုတ်ချေးတယ်။ တောင်သူတွေ စိုက်ချိန်ပျိုးချိန်မှာ အဆင်ပြေအောင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးပေးနေတာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးပါတယ်"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၊ မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွမ်း၊ ပြောင်း စသည့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ချေးပေးကြောင်း၊ ထုတ်ချေးပေးပြီးသည့်မြို့နယ်များမှာ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်း ရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာခြင်း မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိနေကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများ ဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့မြေတွေ၊ မြေကွက်အကျယ်မဟုတ်တာတွေ၊ နေရာက အတွင်းပိုင်းကျပြီး လမ်းမသင့်တာတွေ၊ လူနေအဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့ မြေအမျိုးအစားဖြစ်နေတာတွေ အဲဒီလိုမြေတွေကို ဝယ်ယူထားမိတဲ့သူတွေကတော့ အရှုံးပဲဖြစ်နေရပါတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ပေ (၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀×၄၀) အကျယ်ရှိ မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှု အများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ ဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်အတွင်း ပဲနီပြား အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၃**

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်အတွင်း ပဲနီပြား အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲနီပြားကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌လည်း ကုန်သည်များ ဝယ်ယူမှုများပြားနေခြင်းကြောင့် နိုဝင်ဘာလပထမပတ်အတွင်း ပဲနီပြားများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပဲနီပြားက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲနီပြားတွေကို ဈေးကောင်းပေးပြီး ဝယ်ယူနေတာကြောင့် အရောင်းအဝယ် ပြန်ပြီးကောင်းမွန်လာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲနီပြား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ထိရှိပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ အခုက ပဲနီပြားတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ ပဲအမျိုးအစားထဲမှာတော့ အရောင်းအဝယ် အကောင်းဆုံးအမျိုးအစားမဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် အရောင်းအဝယ် ပြန်ပြီးသွက်လာပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဘူးသီးတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဘူးသီးတောင် နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေများဖြင့် ကျေးရွာ နှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဦးချစ်မောင်၊ ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သဘောက်ချောင်းကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁ ဒသမ ၅ သန်း၊ ဂန္ဓာမာကျေးရွာ၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေမြောင်း ၁၁ စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃၁ ဒသမ ဝ၉ သန်းနှင့် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၂၆၇ ဒသမ ၇၃၂၅ သန်းတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဩဂုတ် ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၆၆၆ ဧက စိုက်ပျိုးပြီးစီး




**ရမည်းသင်း နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၆၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌မြေပဲ ဧက၁၂၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၂၆၆၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါမြေပဲများ စိုက်ပျိုးနေခြင်းသည် ပြည်တွင်းရှိ စားသုံးသူပြည်သူများ ဆီဖူလုံမှုရရှိစေရေးအတွက် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ မြေပဲဧက ၁၂၅၀၀ စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ၁၂၆၆၆ ဧကစိုက်ပျိုးပြီးနေပါပြီ။ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးတာက ဒေသတွင်းဆီဖူလုံမှု ရရှိစေဖို့အတွက် အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းမြေပဲစိုက်တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်များကင်းရှင်းစေရန်၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းစစ်ဆေးပြီး ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# ရေကြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေကြည် နိုဝင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငွေစာရင်းပုံစံများ ဖြည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် မှာကြားသည်။

ရေကြည်မြို့နယ် ခိုတောင်ကျေးရွာ၊ ဆီဆုံကုန်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို နှစ်ရွာတစ်ယူနစ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပိုက်သင်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိုက်သင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၁၃ ဒသမ ၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၆၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၆ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၁ ဒသမ ၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဓငံမာ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ငါးမုတ်ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**လပွတ္တာ နိုဝင်ဘာ ၃**

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလက ငါးမုတ်ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်းက ငါးမုတ်ပိသာချိန် ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးမုတ်များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့မှုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလ တစ်လအတွင်း ငါးမုတ်ပိသာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အားကောင်းခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အား ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးမုတ်အပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိတစ်ရက်လျှင် ငါးမုတ်ပိသာချိန် ၁၀၀ မှ ၅၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၇)

**ကြည်လွင်မြင့် (မုန္ဒြာ)**



**သဘော်မညိုး**

အင်္ဂလိပ်အမည် - Madagascar Periwinkle
မျိုးရင်း - Apocynaceae (ဆယ့်နှစ်ရာသီမျိုးရင်း)
ရုက္ခဗေဒအမည် - Vinca rosea Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ဆီးချိုရောဂါ၊ သွေးကင်ဆာရောဂါ၊ မီးယပ်သွေးလွန်ရောဂါ၊ မီးယပ်ဖြူဆင်းရောဂါ။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ ပန်းခြံများတွင် အလှစိုက်ပျိုးကြသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

ပဥ္စင်းပါး။

**အပင်ပုံသဏ္ဌာန်**

ပင်ပျော့ပင်ငယ် သက်ပြင်းမျိုးဖြစ်သည်။ အမြင့်မှာ တစ်ပေမှ နှစ်ပေခွဲထိမြင့်သည်။ ပင်စည်လုံးသေးငယ်သည်။ အခက်ဖြာသည်။ ပင်စည်ရိုးတံနှင့် အခက်ပါမက ရွက်ညှာများပါ မရန်းရောင်သန်းသည်။ ပင်စည်အရင်းနားတွင် အပွေးအနည်းငယ်ရှိ၏။ အပင်ကြီးလာသည်နှင့်အမျှ အပွေးရင့်လာသည်။ ပင်စည်အထက်ပိုင်းချောမွေ့၏။

အရွက်။ ။ ရွက်ဆိုင်ထွက်၏။ ထိပ်ဝိုင်းပြီး အရင်းသွယ်သွားသည်။ ရွက်နားညီသည်။ ရွက်ပြားချောမွေ့ပြီး ရွက်ကြောများထင်ရှားသည်။ ရွက်ညှာရှည်သည်။

အပွင့်။ ။ အဖြူရောင်၊ နီညိုရောင်နှစ်မျိုးရှိ၏။ နီညိုရောင်ကိုသာ အသုံးများသည်။ အပွင့်တွင် ပွင့်ဖက်ငါးခုပါရှိသည်။ လေးပွင့်စုပြုပွင့်၏။ ပွင့်ညှာရှည်သည်။ အရွက်နှင့် ကိုင်းတံကြားတွင်သာမက ကိုင်းထိပ်ပင်စည်ထိပ်ဖျားတွင်ပါပွင့်သည်။ ၁၂ ရာသီလုံး ပွင့်၏။

အသီး။ ။ သီးတောင့်ရှည်ဖြစ်သည်။ အခန်းနှစ်ခန်းရှိ၍ တစ်ခန်းစီတွင် အစေ့ငယ်လေးများများစွာစီတန်းပါရှိ၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ သဘော်မညိုးပင်သည် အဆိပ်ကို ပြယ်စေ၏။ အမြစ်နုနုသည် ဝမ်းပြီးစေ၏။ ဝမ်းမီးကို တောက်စေ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဆီးချိုရောဂါရှိသူများသည် သဘော်မညိုးပင်ကိုပြုတ်၍ တစ်နေ့လျှင် ထမင်းစားပြီးတိုင်း အကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးပါက ဆီးချိုတက်ခြင်းမှ ထိန်းပေးနိုင်သည်။ အထူးသဖြင့် ပန်းပွင့်အနီပွင့်သော သဘော်မညိုးပင်၏ ပြုတ်ရည်သည် ဆီးချိုရောဂါနှင့်သင့်သည်။

၂။ မီးယပ်သွေးလွန်သွေးဆင်းများသောသူများသည် မီးယပ်သွေးမပေါ်မီ သုံးရက်ကြိုတင်၍ သဘော်မညိုးပင်ကို သကြားအနည်းငယ်ထည့်ပြီးပြုတ်သောက်ပါက မီးယပ်သွေးပေါ်သောအခါ လွန်ကဲစွာပေါ်ခြင်းမှသက်သာစေနိုင်သည်။ သောက်ရမည့်ပမာဏမှာ တစ်နေ့လျှင် ပြုတ်ရည်မတ်ခွက်ငယ်တစ်ဝက်မှ တစ်လုံးထိ သုံးရက်ဆက် သောက်သုံးရမည်ဖြစ်သည်။

၃။ မီးယပ်ဖြူဆင်းရောဂါဖြစ်လျှင် သဘော်မညိုးရွက်ပြုတ်ရည်ကို ပျားရည်အနည်းငယ်ရော၍ ညအိပ်ရာဝင်ခါနီး သောက်သုံးပေးပါ။

၄။ ဆီးပူဆီးအောင့်ဖြစ်လျှင် သဘော်မညိုးရွက်ကို ရေသန့်တွင်စိမ်ပြီး ရေဆာတိုင်းသောက်ပေးပါက ဆီးပူဆီးအောင့်ခြင်းမှ သက်သာစေနိုင်သည်။

၅။ ဆီးအိမ်မှကိုက်လျှင်၊ ဆီးကျိတ်ကြီးလျှင်၊ ဆီးခုံရောင်ရမ်းခြင်းဖြစ်လျှင် သဘော်မညိုးပင်ကို ညက်အောင်ထုခြေပြီး ဆီးခုံတွင် ကပ်ပေးပါက သက်သာစေနိုင်သည်။

၆။ လူကီးမီးယား ခေါ် သွေးဖြူဥများသည့်ရောဂါတစ်မျိုးဖြစ်လျှင် သဘော်မညိုးရွက်ပြုတ်ရည်ကိုအအေးခံပြီး တစ်နေ့လျှင် သောက်ရေသန့်တစ်ဘူးစာ(တစ်လီတာ)သောက်သုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။



**သဘော်မဲဇလီ**

အင်္ဂလိပ်အမည် - Hpak-Lan-Mon-Long
မျိုးရင်း - Caesalpiniaceae (စိန်ပန်းမျိုးရင်း)
ရုက္ခဗေဒအမည် - Cassia alata Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ပွေးနာ၊ ယားနာ၊ အရေပြားမှိုစွဲသောရောဂါ၊ ဝမ်းချုပ်ရောဂါ၊ ခံတွင်းတွင်ပေါက်သော အပူနာများ၊ ချောင်းခြောက်ဆိုးရောဂါ၊ သလိပ်ပုပ်ရောဂါ၊ နင်းခူနာရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်၊ အပွင့်၊ အရွက်။

**အပင်ပုံသဏ္ဌာန်**

ပင်လတ်မျိုးဖြစ်၍ အမြင့် ၁၀ ပေခန့်ထိမြင့်သည်။ အကိုင်းအခက်များသည်။ ပင်စည်စိမ်း၍ချောမွေ့သည်။ အရွက်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ ရွက်ပြားချော၍ ရွက်နားညီသည်။ အပွင့်မှာ အခိုင်လိုက်ပွင့်ပြီး လိမ္မော်ဝါရောင်ရှိသည်။ အသီးမှာ အက်ကွဲသီးမျိုးဖြစ်၍ သီးတောင့်ဖြောင့်ပြီး ပြောင်ချောသည်။ အစေ့ ၅၀ ကျော်ပါသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ သဘော်မဲဇလီအစေ့သည် ဖန်၏။ လေကို ပယ်တတ်၏။ ယားယံခြင်း၊ ချောင်းဆိုးခြင်း၊ ပန်းနာ၊ ပွေးနာ၊ အရေပြားရောဂါတို့ကို ပျောက်ကင်းစေ၏။ ရောဂါဖြစ်စေတတ်သောပိုးကို သေစေနိုင်၏။ ပဥ္စင်းပါးသည် ဝမ်းသက်စေ၍ သလိပ်ကို ပယ်၏။ ဆီးကို များစေ၏။ နူနာကို ပျောက်ကင်းစေနိုင်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ပွေးကဲ့သို့ အရေပြားတွင် အကွက်ထွက်၍ပေါက်သောယားနာကို သဘော်မဲဇလီရွက်နှင့် သွေးအနည်းငယ်စွဲအောင် ပွတ်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၂။ ပုရွက်ဆိတ်၊ ကမျဉ်းနီ စသောအဆိပ်ရှိသည့်အကောင်များကိုက်လျှင် အရွက်ကိုကြိတ်၍ အရည်ကို ညှစ်ပြီး လိမ်းကျံခြင်း၊ ပွတ်တိုက်ခြင်းများပြုလုပ်ပေးပါက အဆိပ်တက်ခြင်းမှ သက်သာစေနိုင်သည်။

၃။ အရေပြားတွင် ပေါက်သော ဝဲ၊ ယားနာ၊ မှိုစွဲနာများဖြစ်ပါက သဘော်မဲဇလီအရွက်ကို ထောင်းခြေ၍ရသော အရည်နှင့် လက်ခြားမှုန့်၊ ဖန်ခါးသီးခြောက်မှုန့်တို့ကို ရောဖျော်လိမ်းပေးပါက အဆိုပါရောဂါများ ပျောက်ကင်းစေနိုင်သည်။

၄။ ပါးစပ်၊ ခံတွင်း၊ လျှာတို့တွင် ပေါက်သောအပူကနာများ ပျောက်ကင်းစေရန်အတွက် အရွက်ကိုပြုတ်၍ ခပ်နွေးနွေးငုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

၅။ ချောင်းခြောက်ဆိုးရောဂါဖြစ်လျှင် သဘော်မဲဇလီရွက်ကို မုရားကြီးရွက်နှင့်ရောပြုတ်ပြီး ပြုတ်ရည်ကို အာလုတ်ကျင်းပေးခြင်း၊ သောက်ပေးခြင်းပြုလုပ်ပါက သက်သာပျောက်ကင်းစေနိုင်သည်။

၆။ နင်းခူနာပေါက်ပါက အရွက်ပြုတ်ရည်ဖြင့် ဖန်ဆေးပေးခြင်း၊ အရွက်ကို ကြိတ်ခြေပြီး အရည်ကို သံပရာရည်နှင့်ရော၍ စိမ့်ဝင်အောင်ပွတ်လိမ်းပေးခြင်းဖြင့် ကြာရှည်ဖြစ်သောနင်းခူနာကို ပျောက်ကင်းစေနိုင်သည်။

၇။ ဝဲပေါက်လျှင် အရွက်ကို တမာရွက်နှင့်ရောပြုတ်ပြီး ရေချိုးပေးခြင်းဖြင့် ဝဲနာ၊ ယားနာ၊ နူနာများ ပျောက်ကင်းစေနိုင်သည်။

၈။ ဝမ်းချုပ်သူ၊ ဆီးချုပ်သူ၊ ပန်းနာရောဂါရှိသူများသည် သဘော်မဲဇလီဖူးနှင့် အရွက်ကို ပြုတ်သောက်ပါက သက်သာစေနိုင်သည်။

၉။ ဝမ်းချုပ်လျှင် သဘော်မဲဇလီအရွက်နုနှစ်ရွက်၊ သုံးရွက်ကို ထမင်းစားတိုင်း အတို့အမြုပ်လုပ်စားပါက ပုံမှန်ဝမ်းသက်စေနိုင်သည်။ အချို့မှာ အရွက်ကို အစိမ်းနံ့မနံစေရန် မီးဖြုက်ပြီးမှ အတို့အမြုပ်လုပ်စားကြသည်။

**သီးပင်**

အင်္ဂလိပ်အမည် - Elephant Apple
မျိုးရင်း - Rutaceae(ရှောက်မျိုးရင်း)
ရုက္ခဗေဒအမည် - Feronia elephantum Correa

**အဓိကဆေးဖက်ဝင်ပုံ**

ရင်ကျပ်၊ ပန်းနာ၊ ခံတွင်းပျက်ရောဂါ၊ အန်သောရောဂါ၊ ကြို့ထိုးရောဂါ၊ လေနာရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အသီး၊ အခေါက်၊ အရွက်။



**အပင်ပုံသဏ္ဌာန်**

ရွက်ကြွေပင်ကြီးမျိုးဖြစ်သည်။ အပင်လုံးပတ်နှစ်ပေမှ လေးပေထိရှိသည်။ အခေါက်ထူ၍ ကြမ်းပြီး မွဲခြောက်ခြောက်အရောင်ပေါ်တွင် မီးခိုးရောင်အကွက်များရှိသည်။ အကိုင်းအခက်များပေါ်တွင် သန်မာ၍ ပြောင်လက်နေသော တစ်လက်မခန့် ဆူးချွန်ကြီးများရှိသည်။ အသီးသည် လုံးဝိုင်း၍ သက္ကလပ်ဘောလုံးအရွယ်မှ ကြီးလျှင် ဉသျှစ်သီးအရွယ်ထိရှိသည်။ အသီးမှည့်လျှင်မွှေးပြီး အတွင်းမှအသားသည် ညိုမည်းလာသည်။ ကဆုန်လ၊ နယုန်လတွင် သီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ သီးသီးမှည့်သည် ချိုချဉ်အရသာရှိသည်။ ကြေခဲသည်။ သွေး၊ လေ၊ သလိပ် သုံးပါးကိုနိုင်၏။ ပန်းနာ၊ အော့အန်သောအနာ၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ပျောက်ကင်းစေနိုင်၏။ နှုတ်ကို မြိန်စေ၏။ ဝမ်းကိုချုပ်စေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ အစာမကြေ အန်သောရောဂါဖြစ်လျှင် သီးသီးအမှည့်ကို ပျားရည်နှင့်ရော၍ ဖြည်းဖြည်းချင်းစားသုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

၂။ ရင်ပြည့်ရင်ကယ်၊ ဝမ်းကြောတင်းသောရောဂါရှိသူများသည် သီးသီးနှင့် ဉသျှစ်သီးအမှည့်များကို ဖျော်ရည်စိမ်၍သောက်ပါက ဝမ်းနှင့်ပတ်သက်သောရောဂါများ ပျောက်ကင်းပြီး အစာကြေစေနိုင်သည်။

၃။ သီးသီးအစိမ်းကို စားပေးပါက ပန်းနာ၊ ရင်ကျပ်ရောဂါ သက်သာစေသည်။

၄။ သီးသီးမှည့်၏အနှစ်ကို ပျားရည်နှင့်ရော၍ ညအိပ်ရာဝင်ချိန်စားပေးပါက အိပ်မပျော်သောလူကြီးများ အိပ်ပျော်စေနိုင်သည်။

၅။ သီးပင်၏အခေါက်ကို သိန္ဓောဆားအနည်းငယ်နှင့် ရောပြုတ်၍ သောက်ပါက လေထိုး၊ လေအောင့်ရောဂါ ပျောက်ကင်းစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ၁၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်းက စပါးကြမ်း တင်း ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မအူပင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလအတွင်းက စပါးကြမ်း တင်း ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလက စပါးကြမ်း တင်း ၇၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ တစ်လတာကာလအတွင်း စပါးကြမ်း တင်း ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါစပါးများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ပြည်တွင်း ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းက စပါးကြမ်းတင်း ၉၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်မြို့ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ စပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အား တက်ခဲ့တာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချနေရတဲ့စပါးတွေက စပါးကြမ်းအမျိုးအစားတွေများပါတယ်။ လက်ရှိ စပါးဈေးကလဲ နည်းနည်းတက်လာပါတယ်။ ရန်ကုန်ဘက်က စပါးတွေကို အများအပြားဝယ်ယူဖို့ ချိတ်ဆက်ထားတာရှိပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာတင် စပါးကြမ်းက ဝယ်လိုအားများနေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက သီးထပ်ရင်၊ မနောသုခ၊ ဆင်းသုခ၊ ပခန်းစသည့် စပါးကြမ်းအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ စပါးကြမ်းအမျိုးအစားများသည် လက်ရှိတွင် တင်း ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀၀ မှ ၁၈၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အောင်လံမြို့နယ် ဂွမြောင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွမြောင်ကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများ သတ်မှတ်ရက်အတွင်းအချိန်မီ ပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၀၅ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂွမြောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၉၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း ၁၀၂ ဦးကို ငွေကျပ် ၄၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်အေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုလှိုင်**

# အရည်အသွေးပြည့် သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး

\- နေ့စဉ်လေ ကျန်းမာရေးတွက်
တွေးချင့်ရွေး စားသောက်ကာ၊
နည်းလမ်းမှန် အသိမချွတ်
ညီညွတ်လေစွာ၊
ပုံစံကျ လိုက်နာရာ
နေထိုင်ကာ ပြုကျင့်မှ၊
ရောဂါဘယာ ကင်းကွာဝေးလို့
စိတ်အေးချမ်းမြ။

\- စားသောက်ရာ သင့်တင့်ရွေးရင်း
"သွားကျန်းမာရေး" ဂရုပြုပါ၊
ကြေညက်စေ မျှတဝါးနိုင်ဖို့
အလေးထားရမှာ၊
သွားနဲ့ဆက်စပ် သွားရောဂါ
ကင်းစင်ကာ ချမ်းမြရေး၊
စားကြွင်းကျန် နှံ့သက်ကင်းရအောင်
ခံတွင်းသန့်ပေး။

\- သွားခံတွင်း ကျန်းမာရေး
အလေးပေး လိုက်နာအစဉ်၊
မာကြောရာ စားသောက်ခြင်းတို့
ရှောင်ကွင်းဆင်ခြင်၊
မကျိုးမပဲ့ မြဲပြုပြင်
သန့်ကြည်လင် သတိရှိ၊
ပျက်ယွင်းခါ ဝေဒနာပျိုးလိမ့်
သွားတန်ဖိုးသိ။

\- ရောဂါဖြစ်မှ ကုသခြင်းထက်
လိုက်နာရင်း ကြိုတင်ကာ၊
မဖြစ်ခင် ကာကွယ်ခြင်းက
ကြွင်းမဲ့မှန်စွာ၊
အရည်အသွေးပြည့် တည်တံ့ရာ
သွားခိုင်မာ ကျန်းမာရေး၊
မန္တမ်းမသွေ့ရာ
ချမ်းမြေ့သာ မြဲသန်စွမ်းကာပ
သွားခံတွင်း ကြည်ရွှင်လန်းဖြာရစေဖို့
ကာကွယ်ကာ ကျန်းမာရေးသတိနဲ့
အသိယှဉ် တန်ဖိုးထားလေကြ
သွားကျန်းမာ အရည်သွေးပြည့်ရအောင်
ဆောင်ကြဉ်းကာ ဖြည့်စွမ်းပေးမြဲပင်မို့
စွဲမှတ်ရည် တစ်သက်လုံးတွက်
သွားအလှတွေ အပြိုင်မှုန်း
ပြုံးမျက်နှာဖွေး။ ။

**မင်းသွေးနွယ်(စီးကုန်း)**

## နိုင်ငံတကာ သတင်းများ

# အစိုးရအဖွဲ့သစ်အတွက် ထပ်တိုးအသုံးစရိတ် နိုင်ဂျီးရီးယားလွှတ်တော်အမတ်များ အတည်ပြု

**အဘူဂျာ နိုဝင်ဘာ ၃**

အစိုးရအဖွဲ့သစ်၏ ပထမဆုံး ထပ်တိုးအသုံးစရိတ်တောင်းခံမှုကို နိုင်ဂျီးရီးယားလွှတ်တော်အမတ်များက နိုဝင်ဘာ ၂ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အဆိုပါအစိုးရအဖွဲ့သစ်ထပ်တိုးအသုံးစရိတ်တွင် သမ္မတတီနူဘူနှင့် သမ္မတကတော်တို့အတွက် ကျည်ကာယာဉ်များဝယ်ယူရန်နှင့် နေအိမ်များ ဝယ်ယူပြင်ဆင်ရန်တို့လည်း အကျုံးဝင်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားလွှတ်တော်အမတ်များ အတည်ပြုပေးခဲ့သော အစိုးရအဖွဲ့သစ်၏ ပထမဆုံးထပ်တိုးအသုံးစရိတ်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈သန်းထိ ရှိခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရသည် အစိုးရထပ်တိုးအသုံးစရိတ် အဆိုပြုချက်ကို ၂၀၂၃ ခုနှစ် အစိုးရအသုံးစရိတ်ဥပဒေကြမ်း၏ နောက်ဆက်တွဲအဖြစ် လွှတ်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားပြည်သူများလူနေမှုစရိတ်မြင့်တက်လာမှုနှင့်ရင်ဆိုင်နေရချိန်တွင် သမ္မတနှင့်သမ္မတကတော်အပါအဝင် အစိုးရထိပ်တန်းတာဝန်ရှိသူများ၏အသုံးစရိတ်ကို အများအပြား သတ်မှတ်တောင်းခံထားမှုကြောင့်သမ္မတတီနူဘူမှာဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။

လောင်စာဆီအတွက်နိုင်ငံတော်က စိုက်ထုတ်သုံးစွဲမှုစနစ် ရပ်တန့်ခြင်းအပါအဝင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို သမ္မတတီနူဘူက စတင်ခဲ့ပြီးနောက် နိုင်ဂျီးရီးယားပြည်သူများမှာ လူနေမှုစရိတ်ကြီးမြင့်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကျူးဘားအပေါ် ပြဋ္ဌာန်းထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုရုပ်သိမ်းပေးရန် အမေရိကန်နိုင်ငံကို တောင်းဆို




**နယူးယောက် နိုဝင်ဘာ ၃**

ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုကိုရုပ်သိမ်းပေးရန် နိုဝင်ဘာ ၂ ရက်ကကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများက ၃၁ ကြိမ်မြောက်အဖြစ် အမေရိကန်နိုင်ငံကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ကျူးဘားနိုင်ငံအပေါ် ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုရုပ်သိမ်းပေးရေးဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာ ၂ ရက်တွင် မဲခွဲခဲ့ရာ အထွေထွေညီလာခံအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် ၁၈၇ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နှင့် အစ္စရေးနှစ်နိုင်ငံတည်းကသာ ကန့်ကွက်မဲပေးခဲ့ပြီး ယူကရိန်းနိုင်ငံက ပါဝင်မဲပေးမှုမရှိခဲ့ကြောင်း သိရသည်။

နှစ်ပေါင်းများစွာအတွင်းအဆိုးရွားဆုံးစီးပွားရေးအကျပ်အတည်းကြောင့် စားနပ်ရိက္ခာ၊လောင်စာဆီ၊ ဆေးဝါးပြတ်လပ်မှုများဖြင့်ကျူးဘားနိုင်ငံရင်ဆိုင်နေရစဉ် ယင်းနိုင်ငံအပေါ် ချမှတ်ထားသည့် ကုန်သွယ်ရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးရန် အထွေထွေညီလာခံက အမေရိကန်နိုင်ငံကို တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကွယ်လွန်သူ ကျူးဘားခေါင်းဆောင် ဖီဒယ်လ်ကတ်စထရို၏ ၁၉၅၆ခုနှစ်ကျူးဘားတော်လှန်ရေးဖြစ်ပွားပြီး နောက်ပိုင်းမှစ၍ အမေရိကန်နိုင်ငံသည် ကျူးဘားနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှု စတင်ပြုလုပ်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးပိတ်ဆို့မှုကြောင့် ကျူးဘားနိုင်ငံမှာ၂၀၂၂ ခုနှစ်တစ်နှစ်တည်းမှာပင် အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ ဆုံးရှုံးနစ်နာခဲ့ရကြောင်း ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ရိုဒရီဂတ်ဇ်က ကုလသမဂ္ဂအထွေထွေညီလာခံ မိန့်ခွန်း၌ ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ နှစ်ရက်ကြာခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ

**မနီလာ နိုဝင်ဘာ ၃**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယနေ့တွင် နှစ်ရက်ကြာခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာနေချိန်တွင် ဖိလစ်ပိုင်-ဂျပန် နှစ်နိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေးဆက်ဆံမှုမြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ ဂျပန်ဝန်ကြီးချုပ် သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ဖိလစ်ပိုင်သို့ ရောက်ရှိခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်နှင့် သမ္မတနန်းတော်၌ တွေ့ဆုံ၍ တောင်တရုတ်ပင်လယ်ဒေသပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးတို့နှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသသည် တရုတ်နှင့်ဖိလစ်ပိုင်တို့ကြား ပင်လယ်ရေကြောင်းထိပ်တိုက်ရင်ဆိုင်မှုများမကြာခဏဖြစ်ပွားနေသော နေရာဖြစ်သည်။

ဂျပန်နိုင်ငံသည် တောင်တရုတ်ပင်လယ်ဒေသ၌ မည်သည့်နယ်မြေကိုမျှ ပိုင်ဆိုင်ခွင့်တောင်းထားခြင်းမရှိသော်လည်း အရှေ့တရုတ်ပင်လယ်ဒေသ၌ တရုတ်နိုင်ငံနှင့် နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုဖြစ်ပွားလျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် ဖိလစ်ပိုင်သမ္မတ မားကို့စ်တို့သည် နှစ်နိုင်ငံစစ်ဘက်များကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ယခုနှစ် ဖေဖော်ဝါရီလအတွင်း သဘောတူထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# အမေရိကန်မောင်းသူမဲ့လေယာဉ်များ ဂါဇာကမ်းမြောင်၌ ကင်းထောက်ပျံသန်း

**နယူးယောက် နိုဝင်ဘာ ၃**

ဟားမတ်စ်အုပ်စု ဖမ်းဆီးထားသည့်ဓားစာခံများကို ရှာဖွေရေးအတွက် ဂါဇာကမ်းမြောင်ဒေသ၌ အမေရိကန်မောင်းသူမဲ့လေယာဉ်များကင်းထောက်ပျံသန်းနေကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုသည် အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်တွင် တိုက်ခိုက်ခဲ့ပြီးနောက် လူပေါင်း ၂၄၀ ကျော်ကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးထားသည်။

သို့သော် အဆိုပါဓားစာခံများ ဖမ်းဆီး ခံထားရသည့်နေရာကို ရှာဖွေရာတွင် ကူညီရေးအတွက် ဂါဇာကမ်းမြောင်၌ အမေရိကန်မောင်းသူမဲ့ကင်းထောက်လေယာဉ်များပျံသန်းနေကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

ဟားမတ်စ်အုပ်စုသည် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကို ဂါဇာကမ်းမြောင်မြေအောက်ဥမင်ကွန်ရက်စနစ်အတွင်း ထိန်းသိမ်းထားဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ယူဆထားသည်။

ဟားမတ်စ်အုပ်စုဖမ်းဆီးထားသည့် ဓားစာခံများထဲတွင် အနည်းဆုံးအမေရိကန်နိုင်ငံသား ၁၀ဦးထိ ပါဝင်နေနိုင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဓားစာခံများကို ရှာဖွေရေးအတွက် ဂါဇာကမ်းမြောင်၌ အမေရိကန် မောင်းသူမဲ့လေယာဉ်များပျံသန်းနေသည်မှာ ရက်သတ္တပတ်ကြာမြင့်နေပြီ ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# အမေရိကန်နှင့် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားဖြင့် သဘောတူထားသည့် ဘလက်ချ်လေကြေညာချက်ကို ဗြိတိန်အစိုးရ ထုတ်ပြန်ကြေညာ

**လန်ဒန် နိုဝင်ဘာ ၃**

အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားဖြင့် သဘောတူရယူထားသည့် ဘလက်ချ်လေကြေညာချက်ကို ဗြိတိန်အစိုးရက နိုဝင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အသိဉာဏ်တုနည်းပညာ(အေအိုင်) အသုံးချမှု ဘေးကင်းလုံခြုံရေးကို မြှင့်တင်ရေးအတွက် ဘလက်ချ်လေကြေညာချက်ကို ဗြိတိန်အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။

ဘလက်ချ်လေကြေညာချက်ကို အင်္ဂလန်အလယ်ပိုင်း ဘလက်ချ်လေအမျိုးသားဥယျာဉ်၌ ကျင်းပခဲ့သည့် အေအိုင်နည်းပညာ အသုံးချမှုဘေးကင်းလုံခြုံရေး နိုင်ငံတကာဆွေးနွေးပွဲဖွင့်ပွဲနေ့တွင် ဗြိတိန်အစိုးရက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသိဉာဏ်တု နည်းပညာနယ်ပယ်မှ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ စီမံကိန်းများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် တိုက်တွန်းထားပြီး လူသားများကို ဒုက္ခပေးနိုင်မည့် အေအိုင်နည်းပညာများကို စောင့်ကြည့်တားဆီးရန်လည်း တိုက်တွန်းထားသည်။

ဘလက်ချ်လေကြေညာချက်ကို အမေရိကန်နှင့်တရုတ်အပါအဝင် နိုင်ငံပေါင်း ၂၈နိုင်ငံတို့နှင့် ဥရောပသမဂ္ဂတို့က သဘောတူထားသည်။

ဘလက်ချ်လေဆွေးနွေးပွဲတွင် အေအိုင်နည်းပညာ၏နောက်ဆက်တွဲဆိုးကျိုးများကို နားလည်လာရေးအတွက် အရေးတကြီးကြိုးပမ်းရန် ကမ္ဘာ့အေအိုင်နည်းပညာထိပ်တန်းနိုင်ငံများကသဘောတူခဲ့ကြသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်က ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ယခုနှစ်အတွက် အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်အဖြစ် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုနှစ်စင်းကို လွှတ်တင်ခဲ့



**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယခုနှစ်အတွက် အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်အဖြစ် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုနှစ်စင်းကို နိုဝင်ဘာ ၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

တီယန်ဟွီး-၅ အမည်ရှိ ကမ္ဘာမြေလေ့လာရေး နှစ်စင်းတွဲဂြိုဟ်တုကို သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၆ အေ ဒုံးပျံကို တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ အေ ဒုံးပျံသည် တီယန်ဟွီး-၅ နှစ်စင်းတွဲဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသ အေဂျင်စီက ကြေညာထားသည်။

လက်ရှိအချိန်တွင် တီယန်ဟွီး-၅ နှစ်စင်းတွဲဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့် ၃၇၈ မိုင် အကွာရှိ ပတ်လမ်းပေါ်သို့ရောက်ရှိနေပြီဖြစ်သည်။

တီယန်ဟွီး-၅ မစ်ရှင်သည် တရုတ်နိုင်ငံအတွက် ယခုနှစ်၏ အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်ဖြစ်သည်။

ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၇၀ ခန့်ထိ လွှတ်တင်၍ ဂြိုဟ်တုနှင့် အာကာသယာဉ် ၂၀၀ ကျော်ကို ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ရန် တရုတ်နိုင်ငံက ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နာဆာ၏ ဂျူနိုအာကာသယာဉ်က ဂါနီမီဒီဂြိုဟ်ရံလမျက်နှာပြင်ပေါ်၌ ဆားဓာတ်နှင့်အခြားဇီဝဒြပ်ပေါင်းများ ထောက်လှမ်းတွေ့ရှိထား

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနို အာကာသယာဉ်သည် ဂါနီမီဒီ ဂြိုဟ်ရံလ မျက်နှာပြင်ပေါ်၌ ဆားဓာတ်နှင့်အခြားဇီဝဒြပ်ပေါင်းများ ထောက်လှမ်းတွေ့ရှိထားကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဂျူနို အာကာသယာဉ်သည် ၂၀၂၁ ခုနှစ် ဇွန်လအတွင်း ဂါနီမီဒီဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့စဉ် JIRAN အမည်ရှိ ကင်မရာစနစ်ဖြင့် ဆားဓာတ်နှင့် အခြားဇီဝဒြပ်ပေါင်းများကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဂါနီမီဒီဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သလို နေအဖွဲ့အစည်း၏အကြီးဆုံးဂြိုဟ်ရံလလည်းဖြစ်ပြီး အချင်း ၃၂၇၀ မိုင်ထိ ရှိသည်။

၂၀၂၁ ခုနှစ် ဇွန်လက အနီးကပ်ဖြတ်ပျံစဉ်အတွင်း ဂျူနိုအာကာသယာဉ်သည် ဆိုဒီယမ်ကလိုရိုက်၊ အမိုနီယမ်ကလိုရိုက်နှင့် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်ကဲ့သို့ ဆားဓာတ်များအပြင် Aliphatic Al-dehydes ကဲ့သို့ ဇီဝဒြပ်ပေါင်းများကိုလည်း တွေ့ရှိခဲ့ရသည်။



အထက်ပါ ဆားဓာတ်များနှင့် အတူ ဒြပ်ပေါင်းများကိုရှာဖွေတွေ့ရှိခဲ့ခြင်းသည် ဂါနီမီဒီဂြိုဟ်ရံလ မည်သို့ဖွဲ့စည်းပေါ်ထွက်လာသည်ကိုလေ့လာရာတွင် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ကြာသပတေးဂြိုဟ်၏ ပြင်းထန်သော သံလိုက်စက်ကွင်းကြောင့် အဆိုပါဂြိုဟ်၏ ဂြိုဟ်ရံလများပေါ်ရှိ ဇီဝဒြပ်ပေါင်းများနှင့်ဆားဓာတ်များမှာ ကြာရှည်တည်တံ့ရန် အလွန်ခက်ခဲသည်။

သို့ရာတွင် ဂါနီမီဒီဂြိုဟ်ရံလ အီကွေတာရပ်ဝန်းနယ်မြေအတွင်းရှိ ဆားဓာတ်များနှင့် ဇီဝဒြပ်ပေါင်းများကို အီလက်ထရွန်များနှင့်အိုင်းယွန်းများက ကြာသပတေးဂြိုဟ် သံလိုက်စက်ကွင်း အန္တရာယ်မှ အကာအကွယ် ပေးထားနိုင်ပုံရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**

**Trs : KKO**

## ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်က နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်တစ်ခု ဖြစ်နေ

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော လူစီအာကာသယာဉ်၏ တွေ့ရှိချက်အရ ဒင်ကင်နက်ရှ်အမည်ရှိ ဂြိုဟ်သိမ်မှာစင်စစ်အားဖြင့် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်တစ်ခုဖြစ်နေကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

လူစီ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းအတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်များသို့ ခရီးနှင်နေစဉ် နိုဝင်ဘာ ၁ ရက်က ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်ကို အနီးကပ် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

ထိုသို့ အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်မှာ တစ်စင်းတည်းမဟုတ်ဘဲ နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်တစ်ခုဖြစ်နေသည်ဟု လူစီအာကာသယာဉ်က ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒင်ကင်နက်ရှ် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်တွင် အချင်းမီတာ ၉၇၀ ရှိသည့် အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်ကို အချင်းမီတာ ၂၂၀ ရှိသော ဂြိုဟ်သိမ်ငယ်တစ်စင်းက ဂြိုဟ်ရံလသဖွယ် လှည့်ပတ်နေကြောင်း သိရသည်။

ဒင်ကင်နက်ရှ် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်စနစ်ဖြစ်သည်။

လူစီ အာကာသယာဉ်သည် ၎င်း၏ဒုတိယပစ်မှတ်အဖြစ် ၂၀၂၅ ခုနှစ်တွင် 52246 Dnaldjohan-son အမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကို ထပ်မံ၍ အနီးကပ်ဖြတ်ကျော်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ပျော်ဝင်မှုမရှိသည့်အမျှင်ဓာတ်များ စားပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် နိုဝင်ဘာ ၃**

ပျော်ဝင်မှုမရှိသည့် အမျှင်ဓာတ် (IDF) များကို စားသုံးပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မင်နီဆိုတာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ IDF အမျှင်ဓာတ်များတွင်ပါရှိသည့် ဓာတုဒြပ်ပေါင်းများသည် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် IDF အမျှင်ဓာတ် ဓာတုဒြပ်ပေါင်းများသည် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေနှင့် ကင်ဆာရောဂါတချို့ဖြစ်နိုင်ခြေတို့ကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ IDF အမျှင်ဓာတ်များထဲတွင် ဇီဝအကျိုးပြုဓာတုဒြပ်ပေါင်း ၆၄ မျိုးထိရှိကြောင်း သိရသည်။

IDF အမျှင်ဓာတ်စားသုံးမှုသည် အစာခြေလမ်းကြောင်းစနစ်ကျန်းမာရေးကို အကျိုးပြုကြောင်း ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များအရ သိရှိခဲ့ရပြီးဖြစ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ IDF အမျှင်ဓာတ်သည် လူ့ကျန်းမာရေးအပေါ် လွှမ်းခြုံအကျိုးသက်ရောက်မှု ရှိနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**

**Trs : KKO**

## ဝက်နှလုံးအင်္ဂါအစားထိုးလူနာ သီတင်းခြောက်ပတ်အကြာတွင် ကွယ်လွန်

**နယူးယောက် နိုဝင်ဘာ ၃**

မျိုးဗီဇပြုပြင်ပြောင်းလဲထားသော ဝက်နှလုံးအင်္ဂါ အစားထိုးထည့်သွင်းခဲ့သည့် ဒုတိယမြောက်လူနာသည် အစားထိုးထည့်သွင်းမှုပြုလုပ်ခဲ့ပြီး သီတင်းခြောက်ပတ်အကြာတွင် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လောရင့်ဖော့ဆက်အမည်ရှိ အသက် ၅၈ နှစ်အရွယ် အမျိုးသားလူနာသည် မျိုးဗီဇပြုပြင်ထားသော ဝက်နှလုံးအင်္ဂါ အစားထိုးထည့်သွင်းပြီး သီတင်းခြောက်ပတ် အကြာတွင် ကွယ်လွန်ခဲ့သည်ဟု မေရီလန်းတက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

လောရင့်ဖော့ဆက်သည် ၎င်းခံစားနေရသည့် နှလုံးရောဂါပုံစံနှင့် အခြားကျန်းမာရေးပြဿနာများကြောင့် သမားရိုးကျပုံစံအတိုင်း လူ့နှလုံးအင်္ဂါဖြင့် အစားထိုးကုသ၍ မရနိုင်သောလူနာဖြစ်သည်။

သို့ဖြစ်ရာ မေရီလန်းတက္ကသိုလ်မှ ဆေးပညာရှင်များသည် လောရင့်ဖော့ဆက်၏ ဘဝသက်တမ်းကို ဆွဲဆန့်ပေးနိုင်ရန် မျိုးဗီဇပြုပြင်ထားသော ဝက်နှလုံးအင်္ဂါဖြင့် အစားထိုးကုသမှုပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝက်နှလုံးအင်္ဂါအစားထိုး ထည့်သွင်းမှုပြုလုပ်ခဲ့ပြီး တစ်လအကြာထိ လောရင့်ဖော့ဆက်၏ အခြေအနေမှာ တည်ငြိမ်တိုးတက်မှုရှိခဲ့သည်။

သို့ရာတွင် မကြာသေးမီရက်များအတွင်း လောရင့်ဖော့ဆက်၏ ကိုယ်ခန္ဓာက ဝက်နှလုံးအင်္ဂါကို ငြင်းဆန်လာသည့် လက္ခဏာများပေါ်ထွက်လာခဲ့ပြီးနောက် အောက်တိုဘာ ၃၀ ရက်တွင် လောရင့်ဖော့ဆက် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



နိုင်ငံတကာ
# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

**လူတန် Vs လီဗာပူး**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | - | အိမ်(ရှုံး) | ဝေး(သရေ) | ဝေး(ရှုံး) |
| လီဗာပူး | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

လူတန်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျဆင်းနေတာကြောင့် အခုပွဲစဉ်မှာလဲ လီဗာပူးနဲ့တွေ့ဆုံနေလို့ဂိုးပြတ်မရှုံးနိမ့်ရေးသာ ကြိုးစားရမှာပါ။ လီဗာပူးကတော့ ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့အတွက် အခုပွဲစဉ်မှာရမှတ်ပြည့်ရယူပြီး ဂိုးပြတ်နိုင်ပွဲရှာမှာဖြစ်ပါတယ်။ဒါကြောင့် တိုက်စစ်အားကောင်းနေတဲ့ လီဗာပူးပဲ နိုင်ပွဲဆက်အုံးမှာပါ။

**အင်တာနက်ခန့်မှန်း - လူတန် ၁ - ၃ လီဗာပူး**

## အီတလီစီးရီးအေ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်များ

ML

**ကက်ဂလီယာရီ Vs ဂျီနိုအာ**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (ည ၀၈:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကက်ဂလီယာရီ ၀ - ၀ ဂျီနိုအာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဂျီနိုအာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ကက်ဂလီယာရီဟာ တန်းဆင်းဇုန်ထဲရှိနေတာကြောင့် ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ လေးပွဲဆက်ရှုံးပွဲမရှိဘဲ တိုက်စစ်ကဂိုးရခဲ့တာဖြစ်ပါတယ်။ ဂျီနိုအာကတော့ အဝေးကွင်းခံစစ်ကစားပုံကျဆင်းနေတာကြောင့် အခုပွဲစဉ်မှာ ကက်ဂလီယာရီတိုက်စစ်ကို ထိန်းချုပ်ဖို့မလွယ်နိုင်ပါဘူး။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်မြင့်ကစားလာမဲ့ ကက်ဂလီယာရီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ကက်ဂလီယာရီ ၂ - ၁ ဂျီနိုအာ**

**ဖီအိုရင်တီးနား Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၆-၁၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ - ၀ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဂျူဗင်တပ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ဖီအိုရင်တီးနားအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးပေမဲ့ အသင်းကြီးတွေနဲ့ဆို ရေကုန်ရေခမ်းကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ ဂျူဗင်တပ်ကတော့ အခုရာသီမှာ အမှတ်ပေးပွဲသာ အာရုံစိုက်ကစားနေရတာကြောင့် ပြိုင်ဘက်အသင်းကြီးတွေနဲ့တွေ့ဆုံမှုမှာ ရှုံးပွဲမရှိသေးပါဘူး။ ဒါကြောင့် ကစားသမားစုဖွဲ့မှုနဲ့ယုံကြည်မှုအားကောင်းနေတဲ့ ဂျူဗင်တပ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဖီအိုရင်တီးနား ၁ - ၂ ဂျူဗင်တပ်**

## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက လူငယ်တိုက်စစ်မှူး ရိုဒရီဂိုကို လာမည့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။
- မောင့်ပယ်လီယာအသင်း ခံစစ်ကစားသမား ဆာခိုသည် ပြီးခဲ့သည့်ရက်သတ္တပတ်ကပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် မတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ပရိသတ်များ၏တိုက်ခိုက်မှုကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် မာဆေးအသင်းနှင့်လိုင်ယွန်အသင်းတို့ပွဲစဉ်ကို လာမည့် ဒီဇင်ဘာ ၆ ရက်တွင်ကစားရမည်ဖြစ်သော်လည်း မာဆေးအသင်းအိမ်ကွင်းတွင်မကစားလိုဘဲ ကြားကွင်းတွင်သာကစားလိုကြောင်း လိုင်ယွန်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ




**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအနေဖြင့် ရှုန်းကန်ခဲ့ရကာ ပွဲချိန် ခြောက်မိနစ်တွင် နန္ဒကျော်က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၃ မိနစ်တွင် မိုတိုဟီရိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသနိုင်ခဲ့သည့် မိုတိုဟီရိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဖူလ်ဟမ်အသင်းနှင့်မန်ယူအသင်းတို့ပွဲစဉ်တွင် စတုတ္ထဒိုင်အဖြစ် အမျိုးသမီးဒိုင်လူကြီးဝယ်ချ် တာဝန်ယူမည်

**လန်ဒန် နိုဝင်ဘာ ၃**

လာမည့် စနေနေ့တွင်ကစားမည့် ဖူလ်ဟမ်အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် စတုတ္ထဒိုင်အဖြစ် အမျိုးသမီးဒိုင်လူကြီး ဝယ်ချ်က တာဝန်ယူမည်ဖြစ်ကြောင်း ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သောကြောင့် ၎င်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးကိုင်တွယ်ခွင့်ရသည့် အမျိုးသမီးဒိုင်ဖြစ်လာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် VAR လက်ထောက်ဒိုင်များအဖြစ် အက်စပင်နယ်နှင့်မက်ဆီးအယ်လစ်တို့တာဝန်ယူခဲ့ဖူးပြီး ယခုအခါ အမျိုးသမီးဒိုင်လူကြီး ဝယ်ချ်က ဒိုင်လူကြီးစာရင်းတွင်ပါဝင်ခွင့်ရခဲ့ပြီး စတုတ္ထဒိုင်အဖြစ် ပထမဆုံးတာဝန်ယူခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၃၉ နှစ်ရှိ ဒိုင်လူကြီး ဝယ်ချ်သည် ပြီးခဲ့သည့် ဇန်နဝါရီလကလည်း ချန်ပီယံရှစ်ပြိုင်ပွဲဖြစ်သည့် ဘာမင်ဂမ်အသင်းနှင့် ပရက်စတန်အသင်းတို့ပွဲစဉ်တွင် စတင်တာဝန်ယူခဲ့ပြီးနောက် အမျိုးသားပြိုင်ပွဲတွင် ပထမဆုံးကိုင်တွယ်ခွင့်ရခဲ့သကဲ့သို့ ယခုအခါ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စတုတ္ထဒိုင်အဖြစ် ထပ်မံတာဝန်ပေးအပ်ခံခဲ့ရသောကြောင့် အဆင့်မြင့်တန်းအမျိုးသားပြိုင်ပွဲကို တာဝန်ယူခွင့်ရသည့် ပထမဆုံးအမျိုးသမီး ဒိုင်လူကြီးဖြစ်လာခဲ့သည်။

ဒိုင်လူကြီးဝယ်ချ်သည် ပြီးခဲ့သည့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဩစတြေးလျအသင်းနှင့် ဒိန်းမတ်အသင်းတို့၏ (၁၆)သင်းရှုံးထွက်ပွဲစဉ်အပါအဝင် ပွဲစဉ်သုံးပွဲကိုတာဝန်ယူခွင့်ရခဲ့ပြီးနောက် ဗိုလ်လုပွဲစဉ်ကို တာဝန်ယူခွင့်ရရန် မျှော်လင့်ထားသော်လည်း အင်္ဂလန်အသင်းအနေဖြင့် ဗိုလ်လုပွဲတက်ရောက်ခဲ့သောကြောင့် ၎င်းအနေဖြင့် ကြီးကြပ်ခွင့်မရခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၁၇ ခုနှစ်က ချန်ပီယံရှစ်ပြိုင်ပွဲများတွင် လက်ထောက်ဒိုင်အဖြစ် တာဝန်ယူခွင့်ရခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံအတွင်းရှိ ပရော်ဖက်ရှင်နယ် အမျိုးသမီး အမှတ်ပေးပြိုင်ပွဲများတွင် ကွင်းလယ်ဒိုင်အဖြစ်စတင်တာဝန်ထမ်းခွင့်ရခဲ့သူဖြစ်သကဲ့သို့ ယခုအခါ ထိပ်သီးကလပ်ပြိုင်ပွဲဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲကိုပါ တာဝန်ယူခွင့် ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ဘရိုက်တန်အသင်းက ဂိုးသမား စတီးလ်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း ထုတ်ပြန်ကြေညာ

**လန်ဒန် နိုဝင်ဘာ ၃**

ဘရိုက်တန် အသင်းသည် အသင်းမှ ဦးစားပေးဂိုးသမား စတီးလ်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ဂိုးသမား စတီးလ်သည် ၂၀၁၈ ခုနှစ်က ဆန်းဒါးလန်းအသင်းတွင် ကစားခဲ့စဉ်က ရလဒ်ပိုင်းဆိုးရွားခဲ့သဖြင့် ပရိသတ်များက အသင်း၏ အဆိုးရွားဆုံး ဂိုးသမားအဖြစ် သတ်မှတ်ခံခဲ့ရပြီးနောက် ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် တတိယဦးစားပေးဂိုးသမားအဖြစ်သာပါဝင်ခဲ့ရကာ ၂၀၂၁ ခုနှစ်တွင် နယူးပို့စ်အသင်းနှင့် ကစားခဲ့သည့် ဖလားပွဲစဉ်တွင် ပင်နယ်တီလေးကြိမ်ထိ ကာကွယ်နိုင်ခဲ့သောကြောင့် ဘရိုက်တန်အသင်း၏ အသိအမှတ်ပြုခံခဲ့ရပြီး နည်းပြဒီဇာဘီ တာဝန်ယူပြီးနောက်ပိုင်း ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။




ထို့နောက် ဒီဇာဘီက ပထမဦးစားပေးဂိုးသမား ဆန်းချက်ဇ်သည် စွမ်းဆောင်ရည်ကောင်းသည့် ဂိုးသမားဖြစ်သော်လည်း အမှားများမှုကြောင့် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းသို့ရောင်းချခဲ့ကာ ၎င်း၏ ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် ဂိုးသမားစတီးလ်ကိုသာ ဦးစားပေးဂိုးသမားအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ဂိုးသမားစတီးလ်သည် ဘရိုက်တန်အသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပြိုင်ပွဲနှင့် ယူရိုပါလိဂ်ပြိုင်ပွဲများတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် အစီကစွမ်းဆောင်ပေးလျက်ရှိသည့်အတွက် ပရိသတ်များ၏ အားပေးထောက်ခံမှုကို ရရှိခဲ့ပြီး ဘရိုက်တန်အသင်းတာဝန်ရှိသူများက လာမည့် ၂၀၂၆ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

# ဆော်ဒီအသင်းနည်းပြအဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်ရန် ယာယာတိုရေး သဘောတူညီမှုရရှိ



**ရီယာဒ် နိုဝင်ဘာ ၃**

မန်စီးတီးအသင်းကစားသမားဟောင်း ယာယာတိုရေးသည် ဆော်ဒီအသင်းတွင် နည်းပြမန်စီနီ၏ နည်းပြအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၄၀ ရှိ ယာယာတိုရေးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့တွင် ကစားခဲ့ရာ ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ပြီး ထိပ်တန်းကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ကာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က တရုတ်ကလပ် ကွင်ဒူအိုအသင်းတွင် နောက်ဆုံး ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

ယာယာတိုရေးသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စပါးအသင်းအကယ်ဒမီနည်းပြအဖြစ် တစ်နှစ်ကြာ တာဝန်ထမ်းဆောင် ခဲ့ပြီးနောက် လက်ရှိတွင် ဘယ်လ်ဂျီယံကလပ် စတန်းဒက်လီဂီအသင်းတွင် နည်းပြဟောင်ကန် လက်အောက်၌ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ယာယာတိုရေးသည် ဆော်ဒီအသင်းနည်းပြအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် သဘောတူညီမှုရရှိခဲ့သည့်အတွက် စတန်းဒက်လီဂီအသင်းလက်ထောက်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် မကြာမီဆော်ဒီအသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဆော်ဒီအသင်းနည်းပြမန်စီနီနှင့် ယာယာတိုရေးတို့သည် မန်စီးတီးအသင်းကို နည်းပြမန်စီနီ တာဝန်ယူကိုင်တွယ်စဉ်က လက်တွဲခဲ့ဖူးသူများ ဖြစ်သည့်အတွက် နည်းပြမန်စီနီက ဆော်ဒီအသင်း နည်းပြအဖွဲ့တွင် ယာယာတိုရေးကို တာဝန် ထမ်းဆောင်ရန်အတွက် ကမ်းလှမ်းခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : STA

## စပိန်လာလီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်

STA

ဗလင်စီယာ Vs ဂရန်နာဒါ

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗလင်စီယာ ၃ - ၁ ဂရန်နာဒါ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| ဂရန်နာဒါ | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာပြီး ရလဒ်တွေ ပြန်လည်ကောင်းမွန်နေတဲ့ ဗလင်စီယာအသင်းဟာ အခုပွဲစဉ်မှာ ဂရန်နာဒါအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဂရန်နာဒါအသင်းရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိလို့ အိမ်ကွင်းဆိုရင် ကစားပုံတည်ငြိမ်မှုရှိတဲ့ ဗလင်စီယာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗလင်စီယာ ၂ - ၁ ဂရန်နာဒါ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

STA

ဟီဒန်ဟိမ်း Vs စတုဂတ်

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၂ - ၀ ဟီဒန်ဟိမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဟီဒန်ဟိမ်း | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| စတုဂတ် | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ၄ပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဟီဒန်ဟိမ်းအသင်းရဲ့ခြေစွမ်းပိုင်းကတော်တော်လေးဆိုးရွားနေပါတယ်။စတုဂတ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ အဝေးကွင်းဆိုပေမဲ့ ဟီဒန်ဟိမ်းအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ စတုဂတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဟီဒန်ဟိမ်း ၀ - ၁ စတုဂတ်**

# ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် France Football တို့ပူးပေါင်းပြီး ဥရောပဘော်လွန်းဒီအော်ဆုပေးပွဲအခမ်းအနားကျင်းပမည်

**ပဲရစ် နိုဝင်ဘာ ၃**

ဥရောပ ဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)နှင့် ပြင်သစ်နိုင်ငံအခြေစိုက် France Football မဂ္ဂဇင်းတို့ပူးပေါင်းပြီး လာမည့် ၂၀၂၄ ခုနှစ်မှစတင်က ဥရောပ ဘော်လွန်းဒီအော် ဆုပေးပွဲ အခမ်းအနား ကျင်းပရန်အတွက် သဘောတူညီမှု ရရှိခဲ့ကြကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအခြေစိုက် France Football မဂ္ဂဇင်းသည် လက်ရှိတွင်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)နှင့်ပူးပေါင်းပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(ဖီဖာဘော်လွန်းဒီအော်) ဆုပေးပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိနေပြီး ယခုအခါတွင်လည်း ဥရောပ ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကာ ဥရောပဘော်လွန်းဒီအော်ဆုပေးပွဲ အခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်သည် နှစ်စဉ်ဥရောပတစ်ဝန်းကစားနေသည့်ကစားသမားများ ယူအီးအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးဆုပေးပွဲအခမ်းအနားကို ကျင်းပလျက်ရှိနေပြီး ယခုအခါ France Football မဂ္ဂဇင်းနှင့်ပူးပေါင်းကာ ဆုပေးပွဲအခမ်းအနားကို ပုံစံပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဥရောပ ဘော်လွန်းဒီအော် ဆုပေးပွဲအခမ်းအနားကို လာမည့် ၂၀၂၄ ခုနှစ်မှ စတင်ကျင်းပသွားမည်ဖြစ်ပြီး တစ်နှစ်တာအကောင်းဆုံးအမျိုးသား၊ အမျိုးသမီးကစားသမားဆုအပြင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားအမျိုးသမီးနည်းပြဆုများကိုပါ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်က နှစ်စဉ်ပေးအပ်လျက်ရှိနေသည့် ယူအီးအက်ဖ်အေ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ပေးအပ်တော့မည်မဟုတ်ဘဲ ဖျက်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# Paris Masters တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ် တက်ရောက်



**ပဲရစ် နိုဝင်ဘာ ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် Paris Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင်ရပ်တည်နေသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် နယ်သာလန်တင်းနစ်ကစားသမားဂရစ်စပူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၄-၆၊၇-၆၊၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် နောက်မှလိုက်ကစားခဲ့ရပြီးမှ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သော်လည်း အကောင်းဆုံးပုံစံတွင် ရှိမနေခဲ့သလို ကြံ့ခိုင်မှုမပြည့်ဝသေးသည့် အခြေအနေဖြစ်သည်။

ဂရစ်စပူနှင့် ယှဉ်ပြိုင်ကစားနေရင်း အစာအိမ်နာလာသည့်အတွက် ဆေးကုသမှုခံယူခဲ့ရသောကြောင့် ဂျိုကိုဗစ်အနေဖြင့် ကြံ့ခိုင်မှုပိုင်းက မေးခွန်းထုတ်စရာ အခြေအနေဖြစ်နေသည်။

ပုံစံကောင်း မရခဲ့သော်လည်း ဂရစ်စပူကို အနိုင်ရရှိအောင်ကစားနိုင်ခဲ့ပြီး ပွဲကစားချိန်မှာလည်း ၂ နာရီ ၃၉ မိနစ်ထိကြာမြင့်ခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် Paris Masters တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့စဉ် ကွာတားဖိုင်နယ်အဆင့်သို့ ကိုးနှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်းရရှိခဲ့သည်။

ဂျိုကိုဗစ်က "Paris Masters တင်းနစ်ပြိုင်ပွဲ အစောပိုင်းအဆင့်တွေမှာ ကစားပုံကတော်တော်လေးကိုကောင်းမွန်ခဲ့ပါတယ်။ အားရကျေနပ်မိပါတယ်။ ဒါပေမဲ့ တတိယအဆင့်မှာတော့ သိပ်အဆင်မပြေခဲ့ဘူး။ အစာအိမ်နာလာတဲ့အတွက်ကြောင့်လဲ ရာနှုန်းပြည့်အားစိုက်ပြီး မကစားနိုင်ခဲ့ပါဘူး။ အထူးသဖြင့် ဒုတိယပွဲငယ်မှာ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ တတိယပွဲငယ်မှာတော့ ကစားရတာ အဆင်ပြေပါတယ်။ ဆရာဝန်ရဲ့ ဆေးကုသပေးမှုကြောင့်လဲ ရောဂါသက်သာပြီး အားစိုက်ကစားနိုင်ခဲ့တဲ့အတွက်ကြောင့်လဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL

# World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မရွန်းပါစီ ဦးဆောင်

**လော့စ်ကာဘို နိုဝင်ဘာ ၃**

မက္ကဆီကိုနိုင်ငံ လော့စ်ကာဘိုစ်မြို့တွင်ကျင်းပနေသည့် World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဩစတြေးလျ ဝါရင့်ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းပါစီကသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မီချယ်ကင်မ်၊ လက်ရှ်လေ၊ ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား ဇီလီ ဂတ်စ်နှင့် အာဂျင်တီးနားဂေါက်သီးရိုက်ကစားသမား ဂိုယာတိုက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကင်မရွန်းပါစီသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီအတွင်းဒဏ်ရာပြဿနာများဖြစ်ပွားခံစားနေရသည့် ကစားသမားတစ်ဦးဖြစ်ပြီး ဒဏ်ရာကြောင့် ပုံစံကောင်းပျောက်ဆုံးပြီး ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲများတွင် Cut စာရင်းဖြင့် လွဲချော်ခဲ့ရသည့် ပြိုင်ပွဲ ကိုးပွဲထိရှိခဲ့သော်လည်း ဒဏ်ရာကင်းစင်နေသည့် ကင်မရွန်းပါစီသည် World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင် ယခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း ၎င်း၏အကောင်းဆုံးသော ပုံစံကောင်းကိုရရှိကာ ထူးခြားသော ရလဒ်တစ်ခုကိုလည်း ရရှိအောင် စွမ်းဆောင်ပြထားနိုင်ခဲ့သည်။

ကင်မရွန်းပါစီက "အသက် ၄၃ နှစ်ဆိုတဲ့အရွယ်က အငယ်တုန်းကလို လေ့ကျင့်ရေးအစီအစဉ်တွေ ပြင်းပြင်းထန်ထန် လုပ်လို့မရတော့ဘူး။ ပြိုင်ပွဲဝင်တော့ Birdies ရိုက်ချက် ရှစ်ကျင်းထိရခဲ့တယ်။ ဒီနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံကို အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# စင်ပေါ်ကစာအုပ်များ (၁၉)

**မန်းတင့်မော်**

လူသားတိုင်းပင် အသိဉာဏ်ရှိကြသည်။ အသိဉာဏ်အမြင့်မားဆုံးမှာ လူဖြစ်သည်။ ထို အသိဉာဏ်သည် ပင်ကိုမွေးရာပါ မူလအသိဉာဏ်ဖြစ်သည်။ ထိုကဲ့သို့သော မွေးရာပါ အသိဉာဏ်တွင် သင်ယူမှု ပညာပေါင်းစပ်လိုက်သောအခါ ပိုမိုတောက်ပသော ဘဝကို ရရှိလာတော့သည်။ မှတ်သားဖူးသော စကားစုဖြစ်၏။ စိတ်ပညာရှင်တို့ကလည်း အလားတူ မှတ်ချက်မျိုး ပြုခဲ့ကြဖူးသည်။ လူတိုင်းလူတိုင်း ပျော်ရွှင်ချမ်းမြေ့မှုကို အလိုရှိကြသည်။ ပျော်ရွှင်မှုကို ခံစားနစ်သက်ရာတွင် တစ်ဦးနှင့်တစ်ဦး မတူကွဲပြားနေတတ်ပြန်သည်။ တချို့က ငွေကြေးချမ်းသာလျှင် ပျော်ရွှင်မည်ဟုထင်သည်။ တချို့က ပျော်ရွှင်မှုအတွက် ငွေကြေးမလိုဟုလည်း သဘောထားသည်။ သို့သော် လူတိုင်းလူတိုင်းပျော်ရွှင်မှုများအတွက် အပြစ်ကင်းရန် လိုပါလိမ့်မည်။ အပြစ်မကင်းသောပျော်ရွှင်မှုများက ပြုသူအတွက် ထိခိုက်နစ်နာတတ်သလို ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်ဖြစ်စေသည်။ သာဓကများစွာကိုလည်း မိမိဝန်းကျင်နှင့် သမိုင်းစာမျက်နှာများတွင် ဖတ်ရှုနိုင်သည်။

ဆရာအောင်သင်း၏ သူ့အတွေး ကိုယ့်အမြင် စာအုပ်တွင် "ပျင်းနေသလား"ခေါင်းစဉ်ပါ ဆောင်းပါးတိုကလေးမှာ အရေးတိုသော်လည်း အတွေးပိုစရာ ရှိနေသောစာဖြစ်သည်။ ဆရာညွှန်းဆိုသည်မှာ မြန်မာနှင့် အိမ်နီးချင်းအိန္ဒိယစကားပုံဖြစ်သည်။ ရုတ်တရက်ဖတ်လိုက်လျှင် ခပ်ကြမ်းကြမ်းအဆုံးသတ်ထားသည်ဟု ထင်စရာရှိသည်။ ဆရာရှင်းပြမှ အလင်းရသော စာလည်းဖြစ်နေပြန်သည်။ စကားပုံ၏အဆိုမှာ-

- မတ်တတ်ရပ်နေသည်ထက် ထိုင်နေရသည်က ပိုကောင်း၏၊
- ထိုင်နေရသည်ထက် လဲလျောင်းနေရသည် က ပိုကောင်း၏၊
- သေရသည်ကား အကောင်းဆုံးပေတည်း ဟူ၍ ဖြစ်သည်။

ဆရာအောင်သင်းက "ပျင်းနေသလား"ဟူသော ဆောင်းပါးခေါင်းစဉ်ကိုအကြောင်းပြုလျက် ပျင်းရိခြင်း၏ဆန့်ကျင်ဘက် ဝီရိယကြီးမားသူတို့အကြောင်းကို စာဖတ်သူများအတွက် မျှဝေသည်။ "ထက်မြက်ထူးချွန်သော ပုဂ္ဂိုလ်ကျော်တို့အကြောင်းကို ဖတ်ကြည့်လျှင် ဝီရိယအလွန်ကြီးကြကြောင်းကို မလွဲမသွေ တွေ့ရသည် ချည်းပင်ဖြစ်သည်။ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသဆိုလျှင် စာရေးစားပွဲခပ်မြင့်မြင့်တစ်ခုလုပ်ထားပြီး မတ်တတ်ရပ်စာရေးတော်မူသည်ဟု ဖတ်လိုက်ရဖူးသည်"ဟု တွေ့ရပါသည်။ "ဝီရိယကြီးသူတို့၏ကျေးဇူးကို နှောင်းလူတို့ခံစားရစမြဲဖြစ်ပေသည်" ဟူ၍လည်းဆက်လက်ဆိုသည်။ မြန်မာ့ဂန္ထဝင် တက်ကျမ်းစာရေးဆရာကြီး ပီမိုးနင်း၏ တင်စားပုံမှာ "နှောင်းလူတို့ သောက်သုံး၍ မကုန်နိုင်သော အလိမ္မာစမ်းရေတွင်းကြီးများ"ဟူ၍ ဖြစ်သည်။

မြန်မာစကားတွင် "ပညာလိုသော် မပျင်းနှင့်" ဟူ၍ စာဆိုညောင်ပင်သာ ဦးပုညက ဆုံးမစာ ရေးသားသတိပေးခဲ့သည်။ ပျင်းရိသူတို့အတွက် အတတ်ပညာနှင့် ဥစ္စာဘယ်မှာရနိုင်ပါမည်နည်းဟူသော မေးခွန်းကိုလည်း သတိရမိသည်။ ရှေးလူကြီးသူမများကလည်း ပျင်းရိခြင်းခြောက်ပါးရှိကြောင်း ဆိုဆုံးမခဲ့ကြသည်။ ၎င်းတို့မှာ-

၁။ စောသေးသည်၊

၂။ မိုးချုပ်သွားသည်၊

၃။ ဆာလောင်သည်၊

၄။ ဝမ်းဝသည်(ဗိုက်ပြည့်သေးသည်)၊

၅။ ပူအိုက်သေးသည်၊

၆။ ချမ်းအေးသည်ဟူ၍ဖြစ်သည်။ ထိုအကြောင်းပြချက်ခြောက်မျိုးဖြင့် အလုပ်မလုပ်ဘဲ လေးကန်၊ ပျင်းရိနေခြင်းကိုဆိုလိုကြောင်း မှတ်သားမိသည်။ လူတိုင်းပင် သက်သက်သာသာနေရသည်ကို ကြိုက်တတ်ကြပါ၏။ ဆရာအောင်သင်းကိုယ်တိုင်ကလည်း သက်သောင့်သက်သာနေရခြင်းကို တပ်မက်သည်ဟုဆိုသည်။ အိန္ဒိယစကားပုံလေးကို တွေ့လိုက်သောအခါ မိမိကိုယ်ကို

❖ ဆရာအောင်သင်း၏ သူ့အတွေးကိုယ့်အမြင် စာအုပ်တွင် "ပျင်းနေသလား"ခေါင်းစဉ်ပါ ဆောင်းပါးတိုကလေးမှာ အရေးတိုသော်လည်း အတွေးပိုစရာ ရှိနေသောစာဖြစ်သည်။ ဆရာညွှန်းဆိုသည်မှာ မြန်မာနှင့် အိမ်နီးချင်းအိန္ဒိယစကားပုံဖြစ်သည်။ ရုတ်တရက်ဖတ်လိုက်လျှင် ခပ်ကြမ်းကြမ်းအဆုံးသတ်ထားသည်ဟု ထင်စရာရှိသည်။ ဆရာရှင်းပြမှ အလင်းရသော စာလည်းဖြစ်နေပြန်သည်။ စကားပုံ၏အဆိုမှာ မတ်တတ်ရပ်နေသည်ထက် ထိုင်နေရသည်ကပိုကောင်း၏။ ထိုင်နေရသည်ထက် လဲလျောင်းနေရသည်က ပိုကောင်း၏။ သေရသည်ကား အကောင်းဆုံးပေတည်း ဟူ၍ဖြစ်သည်။ ❖

ရှုတ်ချမိသည်ဟုဆိုသည်။ ဆရာအောင်သင်း၏ အမြင်တစ်ရပ်ကို "စင်စစ်အားဖြင့် ပျင်းရိသူတို့သည် တစ်စတစ်စနှင့် နောင်အခါတွင် ဝီရိယကြီးသူတို့၏ ခိုင်းဖတ်ဖြစ်လာတတ်ကြသည်မှာ လက်တွေ့ဖြစ်နေသည်"ဟု ရေးသားထားရာ စာဖတ်သူတိုင်း(အထူးသဖြင့် လူငယ်လူရွယ်များ) သတိပြုဖွယ်ဖြစ်သည်။

ကမ္ဘာ့တီထွင်မှုများသမိုင်းတွင် လူတို့ကောင်းကျိုးအတွက် စွမ်းဆောင်မှုများစွာကို တွေ့ကြရမည်ဖြစ်သည်။ ထိုပညာရှင်များမှာ နေရင်းထိုင်ရင်းတွေ့ရှိအောင်မြင်လာကြသည်မဟုတ်ပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယအခြေခံကာ မနားမနေကြံ့စည်ကြိုးပမ်းမှုများကို ဆောင်ရွက်ရာမှ အောင်မြင်လာကြသူများဖြစ်ကြသည်။ ထိုထိုသော ပညာရှင်များကို ဆရာအောင်သင်းက အံ့သြခြင်းဖြစ်သကဲ့သို့ သူ့ကိုယ်သူလည်း ညံ့လေခြင်းဟု၊ စိတ်အားငယ်မိသည်ဟု ဖွင့်ဟထားပြန်သည်။

လူတို့၏ စဉ်းစားတွေးခေါ်မှုများမှာ ကျယ်ပြန့်လျှင် ကျယ်ပြန့်သလောက် လက်တွေ့ပြုမူဆောင်ရွက်လျှင် အောင်မြင်တတ်သည်။ ဤနေရာတွင် အကောင်း၊ အဆိုး နှစ်မျိုးစလုံးဖြစ်နိုင်သည်ကိုလည်း သတိပြုမိသည်။ အတွေးအခေါ်ပညာရှင်များက "ဖြန့်ကြက်တွေးခြင်း"ဟူသော သဘောတရားကို တွင်တွင်ကျယ်ကျယ် ရေးသားလှုံ့ဆော်လေ့ရှိကြရာ ရေပန်းစားသော စကားလုံးဖြစ်နေသည်။ ဖြန့်ကြက်တွေးခြင်းကို လုပ်ဆောင်ခဲ့သော မြန်မာဆရာတော်ကြီးတစ်ပါးနှင့် စာရေးဆရာကြီးတစ်ဦးတို့ကို သာဓကဆောင် တင်ပြထားသည်။

"ထိုထိုသော ပုဂ္ဂိုလ်ကျော်တို့မှာ လူကသာဝီရိယကြီးသည်မဟုတ် ဦးနှောက်ဝီရိယကြီးသူများလည်း ဖြစ်သည်ဟု ထင်မိသည်။ ဆရာကြီးရွှေဥဒေါင်း၏စာများကို ဖတ်ကြည့်လိုက်လျှင် ကျွန်တော်တို့တစ်တွေ ယောင်လို့မျှ မတွေးမိသော ထောင့်ကြိုထောင့်ကြားကလေးများကိုပါ နိုက်နိုက်ချွတ်ချွတ်စဉ်းစားထားသည်ကို မကြာခဏတွေ့ရတတ်သည်။

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ စာများကို ဖတ်မိသောအခါ အလွန်လေးနက်ခက်ခဲသော တရားသဘောများကို ကျွန်တော်တို့လို လူပြိန်းများ အလွယ်တကူ နားလည်နိုင်အောင် ရေးတော်မူနိုင်သည်ကို တွေ့ရသည်။ ဆရာတော်၏ ဥပမာများ၊ သာဓကများက ပြက်ပြက်ထင်ထင်ရှိလှသည်။ နောက်မှသေသေချာချာ စဉ်းစားကြည့်လိုက်သောအခါ ဆရာတော်သည် မိမိပြောဟောရေးသားလိုသော တရားသဘောများကို မည်သို့ပြောဟောရေးသားမည်နည်း၊ မည်သည့် ဥပမာ၊ သာဓကကို ဆောင်မည်နည်း စသည်တို့ကို နေရင်းထိုင်ရင်း၊ စကြံလားရင်း မနားမနေကြံစည်နေခဲ့ဟန်ရှိသည်ဟု ကြည်ညိုအားကျခြင်း ဖြစ်လာမိရပြန်သည်" ဆရာအောင်သင်း၏ အမြင်တင်ပြချက်ဖြစ်သည်။

ဆရာက စာပေပြုစုသူများကိုတင်ပြရင်း အမျိုးသား၊ အမျိုးသမီး စီးပွားစွမ်းဆောင်သူများ၏ စွမ်းဆောင်ရည်များကိုလည်း ချီးကျူးထားပါသေးသည်။ ဆရာက ပျင်းသူ့အတွက် နေရာမရှိဟုဆိုသည်။ သူပင်လျှင် တစ်ခါတစ်ရံ မရေရာသောအတွေးများ ဝင်တတ်သည်ဟု ဆိုသည်။ ပုဂ္ဂိုလ်ကျော်တို့၏ ဦးနှောက်ဝီရိယများနှင့်ယှဉ်လျှင် "ကိုယ့်ငယ်ထိပ်ကို ဖနောင့်နှင့် ပေါက်ချင်စိတ်ပေါ်လာတတ်သည်"ဟူ၍လည်း ပြုံးချင်စဖွယ် ပေါက်ပေါက်ရှာရှာ ရေးပြန်ပါသေးသည်။ "အပျင်းပြိုင်ပွဲကိုတောင် ပြိုင်ရမှာပျင်းလို့ ဝင်မပြိုင်ဘူး"ဟုဆိုသော လူရွှင်တော်ပြက်လုံးတစ်ခုကိုလည်း သတိရမိသေးသည်။

အိန္ဒိယစကားပုံပါ 'သေရသည်ကား အကောင်းဆုံးပေတည်း"ဟူသည်ကို ဆရာအောင်သင်းက ပျင်းသူများ၊ ရေသာခိုသူများကို ပြောလိုသည့်အတွက် "ဒီလောက်တောင် အသက်သာကြိုက်ရင် သေလိုက်ပေါ့ကွ"ဟု ကျွန်တော့်ကိုယ်ကျွန်တော်ဆဲရေးမိတာ မကြာခဏဖြစ်နေပါတော့သည်ဟု အဆုံးသတ်ထားသည်။ ပျင်းရိသူများ သေသင့်သည်ဟု ဆိုလိုဟန်လည်းရှိသည်။

"ကံစမ်းသော စွန့်စားမှု"ခေါင်းစဉ်မှာ အင်္ဂလိပ်ဘုန်းတော်ကြီး ရစ်ချတ်ကမ်းဘားလင်း(၁၆၃၁-၁၇၁၈)၏ အဆို "လူတစ်ယောက်သည် အန်စာကျည်တောက်ကို သဲသဲမဲမဲစွဲနေသည်ကို တွေ့လိုက်လျှင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံနေပြီဟု စွဲမှတ်လိုက်မိသည်။ ထိုအချိန်မှစ၍ သူ၏လောင်းကစားမှုသည် ကိုယ့်ရင်ဘတ်ကိုယ်ထိုးမည့်ဓားကို ထက်အောင်သွေးနေခြင်းသာဖြစ်သည်"ကို စတင်ဖော်ပြသည်။ "လောင်းကစားဆိုသည်မှာ ကံစမ်းသောစွန့်စားမှုတစ်မျိုးဖြစ်လေရာ သူသူကိုယ်ကိုယ် တစ်ခါတစ်ရံမျှဖြစ်စေ ကံစမ်းသော သဘောဖြင့် စွန့်စားမိတတ်ကြသည်မှာ လူ့သဘာဝဟုပင်ဆိုနိုင်လိမ့်မည် ထင်မိသည်"ဟူ၍လည်း ဆရာအောင်သင်းက ဆိုပြန်သည်။

လောင်းကစား၏ အခြေခံစိတ်သဘာဝကိုလည်း အရင်းနည်းနည်းဖြင့် အမြတ်များများရလိုသော မတော်လောဘစိတ်ဟုလည်း ဆရာအောင်သင်းက ယူဆသည်။ လောဘစိတ်မှာ ထိုးသူနှင့်ဒိုင်နှစ်ဦးစလုံးတွင်ရှိနေကြောင်းလည်း ပြောပါသေးသည်။ လောင်းကစားဟူသည် စွဲမိသူတို့မှာ မွဲသွားသည်ထိ စွဲတတ်ကြောင်းကိုလည်း သတိပေးပါသေးသည်။ လောင်းကစားနည်းအမျိုးမျိုးကလည်း ရိုးသွားသည်မရှိ။ တရားမဝင်သော လောင်းကစားမျိုးများကလည်း ရှိနေဆဲ၊ ကစားနေကြဆဲဟုဆိုသည်။ ဆရာအောင်သင်း၏ အမြင်တစ်ရပ်တွင် "ဘဝကြီးမြင့်သူ၊ အထူးသဖြင့် ပညာကြီးမြင့်မှုကို အားထုတ်ကြသောသူတို့သည် လောင်းကစားတွင် စိတ်ဝင်စားမှုနည်းပါးကြသည်ဟု ထင်မိသည်။ ပညာဆိုသည်မှာ ကံတိုက်မဟုတ်။ အရင်းနည်းနည်းနှင့် အမြတ်ရနိုင်သော ကိစ္စမျိုးမဟုတ်"ဟူ၍လည်း ထောက်ပြထားသည်။

လောင်းကစားဆိုသည်မှာ စွန့်စားခန်းလေးပါတတ်၍ လူတိုင်းလိုလို နှစ်သက်တတ်ကြသည်မှာ ဓမ္မတာဟု ဆရာအောင်သင်းက မြင်သည်။ အလုပ်အကိုင်ကြီးတစ်ခုအဖြစ် စွဲလမ်းလာမိလျှင် ဘုန်းတော်ကြီး ရစ်ချတ်ကမ်းဘားလင်း မိန့်ကြားခဲ့သလို မိမိဘဝကို သေကြောင်းကြံသည့်အဆင့်သို့ အမှန်တကယ်ရောက်သွားနိုင်ကြောင်းကိုလည်း သတိပေးထားပါသေးသည်။ စာဖတ်သူ၏ ပတ်ဝန်းကျင်တွင်လည်း ကံစမ်းသော စွန့်စားမှုကို စွန့်စားနေကြသူများစွာ တွေ့ဖူးကြုံဖူးကြမည်ဖြစ်ရာ သတိပြုဆင်ခြင်ရန် အထူးလိုအပ်မည်ဟု နှိုးဆော်လိုသည်။

ဆရာအောင်သင်း၏ အထက်ပါဆောင်းပါးနှစ်ပုဒ်သည် လူငယ်များကိုအထူးပြုထားသည်ဟု မြင်မိသည်။ လူငယ်များကို လမ်းညွှန်သည်ဆိုသော်လည်း လူလတ်လူကြီးများပါ အပါအဝင် အားလုံးအတွက် အကျိုးရှိစေမည့် ဆောင်းပါးများဖြစ်ကြောင်းကိုလည်း ဆင့်ကမ်းလိုပါသည်။

**ကိုးကား**

– **အောင်သင်း၏ သူ့အတွေး ကိုယ့်အမြင် (ရွှန်ပွင့်စာအုပ်တိုက်–၂၀၀၈)**

## ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးမြေပဲ ၁၂၈၄၉ ဧက စိုက်ပျိုးပြီးစီး

**ကျောက်မြောင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၁၂၈၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးမြေပဲ ဧက ၁၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၈၄၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျောက်မြောင်းမြို့နယ်ခွဲမှာ မိုးမြေပဲဧက ၁၂၈၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ မိုးမြေပဲ ၁၂၈၄၉ ဧကပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးမြေပဲ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ သီးထပ်သီးညှပ် စိုက်ပျိုးကြဖို့လဲ ဆောင်ရွက်နေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးမြေပဲစိုက် တောင်သူများအနေဖြင့် မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနက မြေပဲစိုက်တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်း တစ်ဧကလျှင် တင်း ၇၀ ထွက်ရှိနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ ဓာတ်မြေဩဇာကို အချိန်ကိုက်အသုံးပြုခြင်း စသည့်ဆောင်ရွက်ရမည့်နည်းလမ်းများကို စနစ်တကျ လိုက်နာနိုင်စေရန် လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# Veteran ထိတ်လန့်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မင်း ပြန်လည်ဆန်းသစ်ရိုက်ကူးမည်





**နယူးယောက် နိုဝင်ဘာ ၃**

တောင်ကိုရီးယားထိတ်လန့်သည်းဖို ဇာတ်ကားတစ်ကားဖြစ်သည့် Veteran ဇာတ်ကားကို ကမ္ဘာကျော်ဟောလိဝုဒ်ဒါရိုက်တာ မိုက်ကယ်မင်းက ပြန်လည်ဆန်းသစ်ရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ မိုက်ကယ်မင်းသည် လက်ရှိအချိန်တွင် Heat-2 ဇာတ်ကားကို ရိုက်ကူးနေဆဲဖြစ်သည့်တိုင် ၎င်းဆက်လက်တာဝန်ယူမည့်ဇာတ်ကားသစ်အဖြစ် Veteran ကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိုက်ကယ်မင်းအနေဖြင့် Veteran ဇာတ်ကားသစ်၌ မည်သည့်တာဝန်မျိုး ရယူမည်ကို မသိရသေးပေ။

Veteran ဇာတ်ကားသည် ကုန်တင်ယာဉ်မောင်းတစ်ဦးသေဆုံးမှုမှတစ်ဆင့် လျှို့ဝှက်ကြံစည်မှုကြီးတစ်ရပ်ကို ခြေရာခံမိခဲ့သည့် ရဲစုံထောက်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ မိုက်ကယ်မင်း လက်ရှိတာဝန်ယူရိုက်ကူးနေသော Heat-2 ဇာတ်ကားသည် Heat (1943) မူခင်းအက်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Heat(1995) ဇာတ်ကားကိုလည်း ဒါရိုက်တာ မိုက်ကယ်မင်းက ပင် တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**

# Agent Recon သိုပွဲအက်ရှင်ဇာတ်ကား၌ မင်းသားကြီး ချက်နောရစ် ပါဝင်သရုပ်ဆောင်ထား

**နယူးယောက် နိုဝင်ဘာ ၃**

Agent Recon အမည်ရှိသိုပွဲ အက်ရှင်ဇာတ်ကားသစ်၌ မင်းသားကြီး ချက်နောရစ် ပါဝင်သရုပ်ဆောင်ထားကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် မင်းသားကြီး ချက်နောရစ်အတွက် ၁၀ နှစ်ကျော်ကာလအတွင်း ပထမဆုံး ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားဖြစ်သည်။

Agent Recon ဇာတ်ကားတွင် မင်းသားကြီးချက်နောရစ်သည် မင်းသားဒါးရက်တန်၊ မာ့ဆင်းဂျားတို့နှင့်အတူ သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသားကြီး ချက်နောရစ်သည် အဲလစ်စတဲရားအမည်ရှိ လျှို့ဝှက်လုံခြုံရေးအဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်အဖြစ်ပါဝင်ထားသည်။

Agent Recon ဇာတ်ကားကို ဟောင်ကောင်မင်းသား ဒါးရက်တန်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားသည်။

Agent Recon ဇာတ်ကားမှာ ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးခဲ့ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်မည်ဖြစ်သည်။

**Ref: Xinhua News**

**Trs: KKO**




# ဝိညာဉ်ကတဲ့ နှစ်ပါးခွင် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၃**

ဝိညာဉ်ကတဲ့ နှစ်ပါးခွင် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်မင်းခန့်က ပြောပြ၍ သိရသည်။

ဝိညာဉ်ကတဲ့ နှစ်ပါးခွင် ရုပ်ရှင်ဇာတ်ကားသည် တစ်ပိုင်းတည်းအပြီး ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး သင်္ကေတရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးက ၂၀၁၇ ခုနှစ်တွင်ရိုက်ကူးထုတ်လုပ်ထားသည့် ရုပ်ရှင်ဇာတ်ကားကို SKYPREMIER HD ရုပ်သံလိုင်းမှ ပြန်လည်ပြသခြင်းဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို နတ်ရဲ (ရှုပဗေဒ)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ကျော်သားကြီးက ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားက အချစ် ဒရာမာ ဇာတ်ကားလေးပါ။ လူငယ်ချင်း သိနေကြသလို လူကြီးချင်းလဲ စေ့စပ်ပေးထားတဲ့ အချစ်ခရီးလေးဟာ တတိယလူဝင်လာတဲ့အခါ ဘယ်လိုတွေအလှည့်အပြောင်းတွေ ဖြစ်သွားမလဲ ကြည့်ရှုရမဲ့ဇာတ်ကားလေးတစ်ကားပါ”ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

ဝိညာဉ်ကတဲ့နှစ်ပါးခွင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အောင်မင်းခန့်၊ နန်းဆုဦး၊ ကိုဘင်းနီ၊ နှိုင်းယှဉ်မြင့်မိုရ်၊ ထက်နီလာအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ရှန်ဟိုးဝပ်၏ Eden ဇာတ်ကားကို ဒီဇင်ဘာလအတွင်း စတင်ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၃**

ကမ္ဘာကျော်ဒါရိုက်တာရွန်ဟိုးဝပ်၏ Eden ဇာတ်ကားသစ်ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို သြစတြေးလျနိုင်ငံ၌ လာမည့်ဒီဇင်ဘာလအတွင်း စတင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

Eden ဇာတ်ကားတွင် မင်းသားဂျူလေး၊ မင်းသမီး အန်နာဒီအားမက်၊ ဗင်နက်ဆာကာဘီနှင့် ဆစ်ဒနီဆွင်းနေးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Eden ဇာတ်ကားသည် လူ့ယဉ်ကျေးမှုအသိုက်အဝန်းကို စွန့်ခွာ၍ ဂါလာပါဂိုစ်ကျွန်းစုသို့ သွားရောက်ခဲ့ကြသည့် လူတစ်စု၏အကြောင်းကို ရိုက်ကူးပုံဖော်မည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဖြစ်ရပ်မှန်ကိုအခြေခံထားသည့် Eden ဇာတ်ကားကို မူလက Origin of Species ဟူ၍ အမည်ပေးထားခဲ့ပြီး နောက်ပိုင်း Eden ဟူ၍ အမည်ပြောင်းထားခြင်းဖြစ်သည်။

Eden ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ နိုအာပင့်နှင့်အတူ ဒါရိုက်တာ ရွန်ဟိုးဝပ်ကိုယ်တိုင် ပူးတွဲရေးသားထားကြောင်း သိရသည်။

Eden ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဒါရိုက်တာ ရွန်ဟိုးဝပ်နှင့်ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**

# ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် Miss Earth 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဆောင်းနှင်းစံ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၃**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် Miss Earth 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဆောင်းနှင်းစံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အလှမယ် ဆောင်းနှင်းစံက ပြောပြ၍ သိရသည်။

အဆိုပါ Miss Earth 2023 ပြိုင်ပွဲသည် (၂၃) ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် နိုင်ငံပေါင်း ၁၁၄ နိုင်ငံမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲက နိုင်ငံပေါင်း ၁၀၀ ကျော်က အလှမယ်တွေနဲ့ ပြိုင်ပွဲဝင်ရမှာမို့ စိတ်လှုပ်ရှားမိပါတယ်။ ပြည်ပကိုသွားရောက်ပြီး သူများနိုင်ငံတွေနဲ့ ရင်ပေါင်တန်းရမယ်ဆိုတော့ သေသေချာချာလေး ပြင်ဆင်ထားပါတယ်။ ဆောင်းအနေနဲ့ English Speaking တက်နေပါတယ်။ ဒ့ါပြင် ဗီယက်နမ်ဘာသာစကားကိုလဲ လေ့လာနေပါတယ်။ မြန်မာဆိုတာကိုချပြဖို့ ပြိုင်ပွဲအပေါ် ဆောင်းလက်ရှိ သေချာအာရုံစိုက်ထားပါတယ်။ အကောင်းဆုံး ယှဉ်ပြိုင်ကြိုးစားမှာပါ”ဟု မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဆောင်းနှင်းစံက ပြောပြသည်။

အလှမယ် ဆောင်းနှင်းစံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့ Royal Mei Hua Function Hall တွင် ကျင်းပခဲ့သည့် Miss Earth Myanmar 2023 ပြိုင်ပွဲတွင် Winner ဆုအပြင် Title ဆုအနေဖြင့် Miss ZN Fashion 2023, Best in Swimsuit နှင့် Miss Propoliz 2023 ဆုများကို ရရှိထားသူလည်းဖြစ်ကြောင်း သိရသည်။ ASH





# Families of Office of Commander-in-Chief (Army, Navy and Air) hold 13th Kathina offering ceremony


Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation receiving the Five Precepts from the Sayadaws.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Kathina robes and alms to a Sayadaw.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer day meals to Sayadaws.

**Nay Pyi Taw November 3**

Families of the Office of Commander-in-Chief (Army, Navy and Air) held the 13th Kathina offering ceremony at Anawrahta Hall of the Office of the Commander-in-Chief (Army) this morning, attended by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla who donated Kathina robes and alms.

The ceremony was attended by 27 members of the Sangha led by Ovadacariya Sayadaw of Uppatasanti Pagoda Board of Trustees Presiding Patron of Paukmyaing Monastery of Lewe in Nay Pyi Taw Abhidhaja Maha Rattha Guru Bhaddanta Janinda, Presiding Patron of Pali Tekkatho Mingalazeyon Monastery in Pyinmana Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi, the Chairman of the State Administration Council Commander-in-Chief of Defence Services and wife, Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, senior military officers from the Office of the Commander-in-Chief and their wives and officials.

First, the Senior General and wife and congregation viewed round display of Kathina robes, alms and Padethabin to be donated to monasteries. The Senior General and wife paid homage to the Buddha Image in Anawrahta Hall and offered alms in the emerald almsbowl, flowers, water, oil lamps and fruits.

The ceremony was opened with three-time recitation of Namo Tassa, and they all took the Five Precepts from Paukmyaing Sayadaw.

The Senior General and wife offered Kathina robes to Presiding Patron of KanU Monastery of Yezin in Zeyathiri Township Agga Maha Pandita Bhaddanta Vilasa and Paukmyaing Monastery Presiding Patron Sayadaw Abhidhaja Maha Rattha Guru Bhaddanta Janinda.

SAC Vice-Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and his wife Daw Than Than Nwe donated Kathina robes and offerings to Presiding Patron of Pali Tekkatho Mingalazeyon Monastery of Pyinmana Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanta Vimalabuddhi. Senior military officers and their wives also presented Kathina robes and alms to members of the Sangha.

Ashin Vayama and Ashin Javana from Yezin KanU Monastery performed a question and answer session for Kathina robe-offering process.

They all listened to a sermon delivered by the Pali Tekkatho Mingalazeyon Monastery Sayadaw and shared merits gained.

The ceremony ended with three-time recitation of Buddha Sasama Ciram Titthatu, performing the rituals of golden and silver showers in commemoration of the successful completion of the ceremony. After the ceremony, the Senior General, wife and congregation offered day meals to members of the Sangha.

Today's donated offerings for the 13th Kathina robe-offering ceremony were conveyed from Anawrahta Hall to Uppatasanti Pagoda.

At the ceremony, staff and families from offices and departments from the Office of the Commander-in-Chief (Army, Navy and Air) donated Kathina robes and alms worth more than K174.2 million, and these were sent to relevant monasteries by car.

100


Senior General Min Aung Hlaing and Daw Kyu Kyu Hla view a display of Kathina robes and alms.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# As KIA blows up non-military infrastructure like railroads, roads, bridges & ambushes security posts in Kachin State, Tatmadaw has carried out necessary responses





Photo shows the 120-foot long bridge No. 555 on the Myitkyina-Mandalay railroad blown up by KIA.



Photo shows the 120-foot long bridge No. 555 on the Myitkyina-Mandalay railroad destroyed by KIA.





Photo shows the damage caused to the 320-foot long Nankhwin creek railway bridge.



Photo shows the 320-foot long Nankhwin creek railway bridge mined by KIA.



Photo shows the damage caused to the 80-foot long Yaybaukgyi railway bridge by KIA mine attack.



Photo shows the KIA-mined 40-foot long Nanthaya railroad bridge.






Photo shows the KIA-mined Kaukkway bridge on Shwegu-Katha road.




Photo shows the KIA-destroyed section of the 50-foot long Tawet creek motor road bridge.




Photo shows the KIA-destroyed section of the 20-foot long Tawet railroad bridge.

**Nay Pyi Taw November 3**

The Kachin Independence Army has not only refused to accept the efforts of the government and the Tatmadaw for everlasting peace but also blown off non-military infrastructure like roads and bridges in Kachin State with the aim of undermining the administrative mechanism.

In blowing up railways, the KIA blew up the 120-foot long Bridge No. 555 on Myitkyina Railroad, two miles to the north of Morhan Village in Mohyin Village on 17 April, 2021, the 320-foot long Nanchwin Bailey Railroad Bridge about 800 metres to the north of Ngamile Village in Kyargyikwin Village Tract on 6 October, 2023, the 80-foot long Yaypoutkyi railroad bridge about 2500 metres south of Myotthitkalay Village in Hopin Village and the 40-foot long Nantharyar Railroad Bridge on 7 October, 2023.

Similarly, they blew up the 50-foot long concrete Tawetchaung bridge on the Mohyin-Hopi-Mekong-Myitkyina between mileposts 356-367 and 20-foot long Tawetchaung Railroad Bridge on 27 April, 2021, the 50-foot long Paungnet Chaung Bridge between ward-2 and ward-3 on 4 May, Kwaychaung concrete bridge between Chaungwa Village in Katha Townhip and Minkyaunggon Village in Shwegu Township on 9 May,2021, **See Page 14**





**Photo shows the damage caused to the 60-foot long bridge No. 722 near Naungpon village, Myitkyina, on the Myitkyina-Mandalay railroad.**





**Photo shows KIO vice chair Gun Maw visiting a Tatmadaw outpost that was discharging area security duties after a surprise attack was launched on it with a much greater force.**

**From Page 13**

50-foot long Paundnetchaung Bridge between ward (2) and (3) in Shwegu Township on 4 May, 2021, the Kyautkway Creet concrete bridge connecting Chuangwa Village in Katha Township and Minkyaung Village in Shwegu Township on 9 May, 2021, and the 60 foot-long steel-frame bailey bridge (722) on the Myitkyina-Mandalay road near Naungpon Village in Nankway Village Tract in Myitkyina on 30 November, 2021 and launched ambushes on security forces along the routes.

The destructions and blows-up of non-military infrastructures like public railroads, highways and bridges used by the travelling public cause difficulties for travelling of the national races and a lot of damage to the regional development.

Moreover, the Myanmar Tatmadaw has repeatedly communicated to the KIA not to attack its bases, the KIA ambushed the small bases commanded by platoon-level forces by overwhelming forces and the KIO vice-chairman Gun Maw inspected the posts by himself.

Moreover, although it has been informed not to involve in the on-going clashes in Shan State (North), it was found that the KIA has ignored the warnings of the Tatmadaw and has engaged in the clashes.

Moreover, it is learnt that the KIA has been building weapon and ammunition factories near the Myanmar-China border, using the arms and ammunition in their violence acts and providing them in destructive and violence acts and promoting domestic terrorists beyond the scene.

As a result, the Tatmadaw has to reportedly take measures to respond to prevent such violent acts and will carry out necessary measures to respond to terrorist attacks that harm the public and attacks on security posts as necessary. 100

# Up to 170 cargo ships from Yangon, Katha, Htigyaing and Bhamo towns dock at Mandalay port in October



Ships and boats docked near Mandalay port.

**Mandalay November 3**

There were 170 cargo ships that transported diesel, sugar, and salt from the towns of Yangon, Katha, Htigyaing, and Bhamo to Mandalay Port in October, said Daw Tin Tin Tun, Deputy Staff Officer of the Department of Marine Administration for Mandalay Region.

As the Ayeyawady River was high in October, there was no congestion in the river, and the waterways from Yangon to Mandalay Port were good. The cargos that were transported were 13,457.77 tons of diesel, premium diesel, 92 Octane, 110 tons of millet, 82,569 tons of coal, 475 tons of salt, 7,915 tons of sugar, 7,255 tons of wood planks, and 964.65 tons of fertilizer.

Similarly, as measured by the Department of Meteorology and Hydrology at 6:30 am on November 2, the water levels in Ayeyawady River were 292 cm in Myitkyina, 432 cm in Bhamo, 345 cm in Shwegu, 408 cm in Katha, 587 cm in Thabeikkyin, and 583 cm in Mandalay. 184

# Kawlin District grows over 1,623 acres of corn and maize during monsoon cultivation season

**Kawlin November 3**

According to statistics from Kawlin District Agriculture Department, 1,623 acres of corn and maize were grown in Kawlin District, Sagaing Region, during this year's monsoon cultivation season.

During the 2023-2024 monsoon cultivation season, 1,797 acres of corn and maize have been grown in the district.

"More than 1,700 acres of corn and maize have been set to be grown in Kawlin District this year. But we could have grown over 1,600 acres. We are providing awareness for the success of corn crops, and for the prevention of the spread of pests," said U Win Thein, head of Kawlin District Agriculture Department.

This year, the relevant township Departments of Agriculture provided training to those who planted corn and maize in Kawlin District, and conducted field demonstrations. Moreover, awareness campaigns are being conducted for the prevention of pests and correct cultivation methods are being disseminated. In addition, 2,112 acres of maize are to be cultivated during the 2023-2024 winter crop planting season in Kawlin District. 206



A maize plantation.

# Authorities plan to issue GAHP certificates to people in animal husbandry industry in Mandalay Region

**Mandalay November 3**

The department is working to issue Good Animal Husbandry Practices (GAHP) certificates to those who are engaged in animal husbandry industry, said Dr. Khin Zaw, Divisional Head of the Mandalay Region Livestock Breeding and Veterinary Department.

The GAHP certificate has been written standardizations in order to be issued to the farmers. In order to know what has already been set, the department is educating the township breeders and conducting lectures and trainings. The animals that will be issued in this certificate are chicken, pig, cow, sheep, and goats. If the breeders come, they will check in groups and if they meet the criteria, the certificate will be issued.

The GAHP certificate is issued to commercial livestock breeders and sole proprietorship breeders. However, breeding must be carried out according to the procedures that can obtain a GAHP certificate. It is reported that the export and sale of animals produced by livestock farms that have received the GAHP certificate will get offers from foreign entrepreneurs and get higher prices. 185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်က Sina Loitering Munition တိုက်ခိုက်ရေးဒရုန်းများအသုံးပြု၍ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့



အီရန်ကြည်းတပ်သည် Eqtedar 1402 စစ်ရေးလေ့ကျင့်မှုအတွင်း အမေရိကန်ထုတ် Switchblade 300 နှင့်ပုံစံတူ ပြည်တွင်းထုတ် Sina Loitering Munitions တိုက်ခိုက်ရေးဒရုန်းများကိုအသုံးပြု၍ စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြောင်း အောက်တိုဘာ ၂၈ ရက်တွင် Tasnim News Agency က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

လှုပ်ရှားစစ်ကစားလေ့ကျင့်မှုများနှင့် မဟာဗျူဟာမြောက် စစ်ဆင်ရေးလုပ်ဆောင်ချက်များပါဝင်သည့် အဆိုပါစစ်ရေးလေ့ကျင့်မှုများတွင် ဖုံးခွဲခြင်း သို့မဟုတ် ပေါက်ကွဲစေတတ်သော တိုက်ခိုက်ရေးဒရုန်းများဟုလူသိများသော အီရန်ထုတ် Loitering Munitions ဒရုန်းအမျိုးအစားဖြစ်သည့် Sina တိုက်ခိုက်ရေးဒရုန်းကို ထိရောက်စွာ တပ်ဖြန့်အသုံးပြု၍ လေ့ကျင့်မှုများ လုပ်ဆောင်နိုင်ခဲ့ကြသည်။

၎င်းအဆင့်မြင့်တိုက်ခိုက်ရေးလက်နက်စနစ်များသည် အကွာအဝေး ၁၀ ကီလိုမီတာအတွင်း တည်ငြိမ်ပစ်မှတ်များနှင့် ရွေ့လျားနေသော မြေပြင်ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြင့် ၎င်း၏ ထိရောက်မှုကို ပြသနိုင်ခဲ့ကြသည်။

Sina တိုက်ခိုက်ရေးဒရုန်းသည် အီရန်နိုင်ငံ၏ စစ်ဘက်စက်မှုနည်းပညာတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးလာမှုကို ညွှန်ပြနေခြင်းလည်းဖြစ်သည်။ အလေးချိန် ဂရမ် ၃၀၀ မှ ဂရမ် ၁၀၀၀ ထိရှိသော ထိပ်ဖူးများတပ်ဆင်၍ အဆိုပါဒရုန်းသည် လေထဲတွင် ၁၀ မိနစ်မှ ၁၅ မိနစ်ထိ အချိန်ကြာမြင့်စွာ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

၎င်းအင်္ဂါရပ်သည် မြေပြင်တိုက်ခိုက်ရေးအခြေအနေများအတွင်း ရန်သူ့တပ်ရင်း တပ်ဖွဲ့များစုဝေးမှုအပါအဝင် ပစ်မှတ်အမျိုးမျိုးကို စိစစ်ခွဲခြားသတ်မှတ်၍ မတိုက်ခိုက်မီ တိကျသေချာစွာ စူးစမ်းလေ့လာနိုင်စေသည်။

အီရန်ထုတ် Sina တိုက်ခိုက်ရေးဒရုန်း၏ ဒီဇိုင်းသည် ပင်မကိုယ်ထည် ရှေ့နှင့်နောက် အောက်ခြေတွင် တောင်ပံငယ်များ တပ်ဆင်ထားသည့် အမေရိကန်ထုတ် Switchblade 300 တိုက်ခိုက်ရေးဒရုန်းနှင့် ပုံစံတူနေသည်။ ဒရုန်းပစ်ပြွန်မှ ပစ်လွှတ်သည့်အဆင့်တွင် တောင်ပံများကို ဆန့်ထုတ်လိုက်ပြီး ဒရုန်းကိုယ်ထည်၏ အနောက်ဘက်တွင် တပ်ဆင်ထားသော လျှပ်စစ်မော်တာဖြင့် တွန်းအားပေးပျံသန်းစေခြင်းဖြစ်သည်။

Sina တိုက်ခိုက်ရေးဒရုန်း၏ ထိရောက်မှုအကွာအဝေးသည် ၅ ကီလိုမီတာဖြစ်ပြီး ပျံသန်းချိန်သည် ပျမ်းမျှအားဖြင့် ၈ မိနစ်ခန့်ဖြစ်သည်။ ၎င်းကို လျှပ်စစ်မော်တာဖြင့် မောင်းနှင်ထားပြီး ထိပ်ဖူးအမျိုးအစားမှာ EFP (Explosively Formed Penetrator) ဖောက် ကျည်ဖြစ်ကာ အော်ပရေတာမှဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ လမ်းညွှန်ထိန်းကျောင်း ဖောက်ခွဲတိုက်ခိုက်နိုင်စွမ်းရှိသည်။ Eqtedar 1402 စစ်ရေးလေ့ကျင့်မှုအတွင်း ပြည်တွင်းထုတ် တိုက်ခိုက်ရေးလက်နက်များကို အောင်မြင်စွာတပ်ဖြန့်အသုံးပြုနိုင်ခြင်းသည် အီရန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ နည်းပညာတွင် ကိုယ့်ကိုယ်ကိုယ်အားကိုးမှု၊ တိုးတက်ဖွံ့ဖြိုးလာမှု၏ ကောင်းသတင်းလည်းဖြစ်သည်။

ထိုကဲ့သို့သော အဆင့်မြင့်စနစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး ထိထိရောက်ရောက် အသုံးချနိုင်မှုသည် နိုင်ငံ၏ မဟာဗျူဟာနှင့် နည်းဗျူဟာဆိုင်ရာ စွမ်းဆောင်ရည်များတွင် သိသာထင်ရှားသော အောင်မြင်မှုတစ်ရပ်ဟုလည်း ဆိုနိုင်သည်။

အီရန်စစ်ဘက်သည် ပြည်တွင်းထုတ် စစ်လက်နက်များဖြင့် လက်နက်တိုက်များကို ဆက်လက်တိုးချဲ့နေချိန်တွင် Eqtedar 1402 စစ်ရေးလေ့ကျင့်မှုသည် ၎င်း၏ ကာကွယ်ရေးယန္တရားများကို ခိုင်ခံ့အောင်ပြုလုပ်ရန်ဟူသော နိုင်ငံ၏သန္နိဋ္ဌာန်ကို ဖော်ဆောင်နေသည့် သက်သေတစ်ရပ်လည်း ဖြစ်သည်။ ၎င်းသို့ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဒေသတွင်းလုံခြုံရေးနှင့် အရှေ့အလယ်ပိုင်းတွင် အဓိကကျသော စစ်ဘက်အင်အားကြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် အီရန်၏အခန်းကဏ္ဍအတွက် သိသိသာသာ သက်ရောက်မှုရှိနိုင်သည်။

**Iran tests Sina loitering munition copy of American-made Switchblade 300 ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြည်တွင်းထုတ်ဒရုန်းများဖြင့် ဒရုန်းတပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် အင်ဒိုနီးရှားစစ်ဘက် စီစဉ်နေ

အင်ဒိုနီးရှားစစ်ဘက်သည် ၎င်း၏ ထောက်လှမ်းရေးနှင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် ပြည်တွင်းထုတ် ဒရုန်းများဖြင့် ဒရုန်းတပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်နေကြောင်း ကြေညာခဲ့သည်ဟု www.thedefensepost.com သတင်းဌာနက အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် အင်ဒိုနီးရှားနိုင်ငံ၏ ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Muhammad Ali က အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လက်ရှိတွင် ပြည်တွင်းနှင့်ပြည်ပကုမ္ပဏီများထံမှ ဒရုန်းအများအပြား ထုတ်လုပ်၊ ဝယ်ယူ၊ ပိုင်ဆိုင်ထားနိုင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိ တိုးတက်ဖွံ့ဖြိုးမှုသည် ကမ္ဘာလုံးဆိုင်ရာ ဒရုန်းတိုက်ပွဲတွင် ထောက်လှမ်းခြင်းနှင့် တိုက်ခိုက်ရေးမစ်ရှင်များကို ပံ့ပိုးပေးနိုင်ရန်အတွက် ခေတ်မီ၊ အဆင့်မြင့်ဒရုန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံလုပ်ဆောင်ရန် အဓိကကျလျက်ရှိကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ပြည်တွင်းထုတ် ဒရုန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဒရုန်းစစ်ဆင်ရေး၏ စိန်ခေါ်မှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ တုံ့ပြန်လုပ်ဆောင်လာနိုင်စေရန်အတွက် Ali က အင်ဒိုနီးရှားရေတပ်ဆိုင်ရာ လေကြောင်းဌာနချုပ်ကို တိုက်တွန်းခဲ့သည်။



တိုးတက်လာသောနည်းပညာများကို လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်စေရန်အတွက် အရည်အချင်းရှိသော ဝန်ထမ်းများကို မွေးထုတ်ပေးရန် သို့မဟုတ် ခန့်အပ်ရန် လိုအပ်ကြောင်း ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Muhammad Ali က အလေးပေးပြောကြားခဲ့သည်။

"အင်ဒိုနီးရှား Kodiklatal ရေတပ်အကယ်ဒမီမှာ ဆိုက်ဘာစစ်ပွဲ၊ ခေတ်မီအီလက်ထရွန်နစ်စစ်ပွဲ၊ ရေအောက်၊ မြေပြင်နဲ့ဝေဟင်သုံး အာရုံခံကိရိယာစနစ်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်လုပ်ဆောင်နိုင်စေဖို့နဲ့ပတ်သက်ပြီး ကျောင်းသားတွေကို လေ့ကျင့်သင်ကြား ပေးနေပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက တူရကီနိုင်ငံထံမှ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၃၀၀ ရှိသော စစ်ဘက်သုံးဒရုန်း ၁၂ စင်းကို ဝယ်ယူခဲ့ကြောင်း ကြေညာခဲ့သည်။ ဒရုန်းအမျိုးအစားကို အတိအကျ ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ၎င်းသည် တူရကီနိုင်ငံ လေကြောင်း အာကာသလုပ်ငန်းမှ Anka တိုက်ခိုက်ရေး ဒရုန်းများဖြစ်သည်ဟု မီဒီယာအများအပြားက ဖော်ပြခဲ့ကြသည်။

၂၀၁၉ ခုနှစ်တွင် Boeing ကုမ္ပဏီလက်အောက်ခံ Insitu ကုမ္ပဏီက အင်ဒိုနီးရှားသို့ Scan Eagle ဒရုန်းရှစ်စင်းကို ပို့ဆောင်ရန် အမေရိကန်ဒေါ်လာ ၄၈ သန်းခန့်ပေးအပ်ကာ စာချုပ်ချုပ်ဆိုခဲ့ကြောင်း ပြောကြားထားခဲ့ဖူးသည်။

သယ်ဆောင်ရလွယ်ကူပြီး အနိမ့်ပျံဒရုန်းသည် လေထဲတွင် တစ်ဆက်တစ်စပ်တည်း နာရီ ၂၀ ကျော်ထိ ပျံသန်းနေနိုင်ပြီး စစ်မြေပြင် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းလုပ်ငန်းများကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Indonesia Eyes Squadron of Domestically -Built Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တွင်လည်းကောင်း၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ညောင်တုန်းမြို့၊ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင်အခြေပြု၍ ဒေသခံပြည်သူ ၂၅၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ဦးရေ ၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် တာဝန်ရှိသူများက ခွဲစိတ်ကုသမှုခံယူပြီးသောလူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများထောက်ပံ့ပေးအပ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၌ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်တွင်မွေးဖွားပေးခဲ့သည့် သားငယ် သံလွင်မောင်အား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းမှ ကလေးငယ်များကို ကလေးအထူးကုပါရဂူက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောပေးပြီး တာဝန်ရှိသူများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီး (မဟာသံတန်ဆောင်း)၌ အခြေပြု၍ အဖျောက်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၀ ဦး၊ အရိုးရောဂါ ၃၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၁၈၇ ဦးနှင့် သွားရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ သုံးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဦးအဂ္ဂဝံသ**

**သာသနာ့မဏ္ဍိုင်ကျောင်း(ကိုကိုးကျွန်း)**

ဘုန်းဘုန်းက နယ်လှည့်ဆေးကုသရေးအဖွဲ့လာလို့ ဒီကိုလာပြီးတော့




ကျောက်ကပ်တို့၊ ဆီးချိုတို့လာရောက်စစ်ဆေးပြီး ဆေးကုသမှုခံယူတာပါ။ အခုလိုဆေးကုမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ အားလုံးဆေးကုသခွင့်ရတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်။ ပြည်သူပြည်သားတွေကလည်း ဝမ်းပန်းတသာနဲ့ကြိုဆိုကြပါတယ်။ ဆေးကုသတဲ့အခါမှာလည်း လိုအပ်တာမှန်သမျှ အားလုံးပြည့်ပြည့်စုံစုံ ဆေးဝါးကအစအကူအညီပေးတဲ့အတွက် အထူးဝမ်းသာပီတိဖြစ်မိပါတယ်။ နယ်လှည့်ဆေးကုရေးအထူးအဖွဲ့က ကိုကိုးကျွန်းမြို့ကို မကြာခဏလာရောက်ဆေးကုသပေးစေလိုပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့တကွ နယ်လှည့်ဆေးကုသအဖွဲ့သားများအားလုံး ဒီနေ့မှစလို့ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီး စိတ္တသုခ ကာယသုခသုခနှစ်ဖြာပြည့်စုံပြီး လိုအင်ဆန္ဒပြည့်ဝကာ ဘေးအပေါင်း၊ ရန်အပေါင်းမှ ကင်းဝေးပြီး မိမိတို့လိုအင်ဆန္ဒပြည့်ဝစွာဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးအရှိတ်**

**အမှတ်(၄)ရပ်ကွက် အဖျောက်မြို့**

ကျွန်တော့်မှာ ဘယ်ဘက်ကပ်ပယ်အိတ်မှာ အဆီအကျိတ်အဖုရှိတဲ့အတွက် လာရောက်ပြီးတော့ ပြသကုသမှုခံယူတာပါ။ အခုနှစ်ပိုင်းမှာ လျင်မြန်စွာ နည်းနည်းကြီးထွားစလာတဲ့အတွက် လန့်ပါတယ်၊ စိုးရိမ်ပါတယ်။ ဒါပေမဲ့ အပြင်မှာကျွန်တော်ခွဲစိတ်ကုသဖို့လိုအပ်တယ်လို့ တိုက်တွန်းကြပေမယ့် ငွေရေးကြေးရေးအခက်အခဲလေးရှိနေတဲ့အတွက် အခုလောက်ကြန့်ကြာသွားတာပါ။ နယ်လှည့်ဆေးကုသရေးသင်္ဘောကြီးလှည့်လည်ကုသနေတဲ့ အနေအထားကို ကျွန်တော်တို့ TV သတင်းတွေမှာ မကြာမကြာတွေ့ရပါတယ်။ အင်မတန်လည်း မျှော်လင့်တောင့်တပါတယ်။ ပြည်သူပြည်သားတွေအနေနဲ့ အင်မတန်မျှော်လင့်အားကိုးနေတဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်မှုကိုခံယူပြီးတော့ ပြည်သူတွေ




အပေါ်မှာ စိတ်စေတနာအပြည့်နဲ့ထမ်းဆောင်နိုင်သမျှ ဆောင်ရွက်နေတယ်လို့လည်း အစကတည်းကလည်း ယုံကြည်ပါတယ်။ အခုမျက်ဝါးထင်ထင်လည်း တွေ့ရပါတယ်။ ဒီအတွက်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီးနဲ့တကွ တပ်မတော်မိသားစုအားလုံးကို ကျွန်တော်တို့အနေနဲ့ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါတယ်။ ဂါရဝလည်း ပြုပါတယ်လို့ ပြောလိုပါတယ်။





တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## နိုဝင်ဘာ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၀၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပညာရေးဝန်ကြီးဌာန ပထမနှစ်နေ့သင်တန်း ဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၇ ရက်မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ၃၀၀၊ ၅၀၀နှင့် တပ်မတော်ဆေးရုံကြီး ၃၀၀-၁၀၀၀၊ ရှေ့ဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူနေသော အရာရှိ၊စစ်သည်မိသားစုဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ဆေးဝါးကုသပေးထားမှု၊ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ဧရာဝတီ‌ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုင်ဝင်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်းပေးပို့လှူဒါန်းလျက်ရှိသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းထားသည့် ဒံပေါက်ဘူးများ ထုပ်ပိုးထားမှုကိုတွေ့ရစဉ်။





မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းထားသည့် ဒံပေါက်ဘူးများကို တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။


ယနေ့တွင်လည်း စေတနာရှင်ပြည်သူများက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့်အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှတစ်ဆင့် မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့သို့တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။


စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူရဟန်းသံဃာများ နှင့် ပြည်သူများက ရေးသားပေးပို့သည့် “တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း” စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။









မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် ဒံပေါက်ဘူးနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

# KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ရေးနှင့်မသက်ဆိုင်သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နယ်မြေလုံခြုံရေးစခန်းငယ်များကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများဆောင်ရွက်လာသဖြင့် တပ်မတော်က လိုအပ်သည့်တုံ့ပြန်မှုများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**


KIA အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် လိုက်ပါဆောင်ရွက်ခြင်း မရှိသည့်အပြင် နယ်စပ်ဒေသကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရေးစသည့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားကို ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် ကချင်ပြည်နယ်အတွင်း စစ်ရေးနှင့်မသက်ဆိုင်သော လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။

KIA အဖွဲ့၏ ရထားလမ်းများကို မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မြစ်ကြီးနား-မန္တလေး သွားမီးရထားလမ်းပေါ်မှ အရှည် ပေ ၁၂၀ ရှိ တံတားအမှတ်(၅၅၅)ကို ၂၀၁၁ ခုနှစ် ဧပြီ ၁၇ ရက်တွင်လည်းကောင်း၊ဟိုပင်မြို့ ကြာကြီးကွင်းကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ၏ မြောက်ဘက်မီတာ ၈၀၀ ခန့်အကွာ တံတားအရှည် ပေ ၃၂၀ ရှိ နန်းခွင်ချောင်းသံပေါင်ဘောလီ ရထားလမ်းကူးတံတားကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် လည်းကောင်း၊ ဟိုပင်မြို့ မြို့သစ်ကလေး ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာ တံတားအရှည် ပေ ၈၀ ရှိ ရေပေါက်ကြီးရထားလမ်းကူးတံတားနှင့် တံတားအရှည် ပေ ၄၀ ရှိ နန်းသာယာ ရထားလမ်းကူးတံတားတို့ကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်တို့တွင်လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့သည်။

အလားတူ ကားလမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် ဟိုပင်မြို့၏

**စာမျက်နှာ ၂၂ သို့**





တပ်ရအဆင့်နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်၏စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂွမ်မော်ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့သည့်မှတ်တမ်းဓာတ်ပုံ။







မြစ်ကြီးနား-မန္တလေးသွားမီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ်(၅၅၅)ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့်မှတ်တမ်းဓာတ်ပုံ။








တံတားအရှည်ပေ ၃၂၀ရှိ နန်းခွင်ချောင်းသံပေါင်ဘောလီရထားလမ်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့်မှတ်တမ်းဓာတ်ပုံ။



တံတားအရှည်ပေ ၈၀ ရှိ ရေပေါက်ကြီးရထားလမ်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားအရှည်ပေ ၄၀ ရှိ နန်းသာယာရထားလမ်းကူးတံတားမှတ်တမ်းဓာတ်ပုံ။



ရွှေကူ-ကသာသွားကားလမ်းပေါ်ရှိ ကောက်ကွေ့ချောင်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၁ မှအဆက်**

မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ မိုးညှင်း-ဟိုပင်-မိုးကောင်း-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၃၅၆/၃၅၇ နေရာ တံတားအရှည် ပေ ၅၀ ရှိ တဝက်ချောင်းကူးကွန်ကရစ်တံတား(ကားလမ်း)နှင့် တံတားအရှည် ပေ ၂၀ရှိ တဝက်ချောင်းကူးတံတား(ရထားလမ်း)တို့ကို ၂၀၂၁ ခုနှစ် မေ ၂၇ ရက်တွင်လည်းကောင်း၊ ရွှေကူမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက် ဆက်စပ်နေရာ အရှည်ပေ ၅၀ ရှိ ပေါင်းနက်ချောင်းကူးတံတားကို ၂၀၂၁ ခုနှစ် မေ ၄ ရက်တွင်လည်းကောင်း၊ ကသာမြို့နယ် ချောင်းဝကျေးရွာနှင့် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကောက်ကွေ့ချောင်းကူးကွန်ကရစ်တံတားကို ၂၀၂၁ ခုနှစ် မေ ၉ ရက်တွင်လည်းကောင်း၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု နောင်ပုံကျေးရွာအနီး မြစ်ကြီးနား-မန္တလေးသွား ကားလမ်းပေါ် အရှည်ပေ ၆၀ ရှိ သံပေါင်ဘေလီတံတားအမှတ်(၇၂၂)ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် လည်းကောင်း ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် လမ်း၊ တံတားများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အသုံးပြုသွားလာလျက်ရှိသော ရထားလမ်း၊ ကားလမ်းနှင့် တံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တိုင်းရင်းသားပြည်သူလူထု၏ သွားလာရေးကိုအခက်အခဲဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။

ထို့ပြင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆဲကာလအတွင်း တပ်စခန်းများကို တိုက်ခိုက်ခြင်းများမပြုလုပ်ရန် အကြိမ်ကြိမ် ဆက်သွယ်အသိပေးပြောကြားခဲ့သော်လည်း KIA အနေဖြင့် တပ်မတော်၏ တပ်စုအဆင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် စခန်းငယ်များကိုလည်း သာလွန်အင်အားအသုံးပြု၍ အလစ်အငိုက်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့ပြီး အဆိုပါတပ်စခန်းများသို့ KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂွမ်မော် ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

၎င်းအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများတွင်လည်း ပါဝင်ပတ်သက်ခြင်း မပြုလုပ်ရန်အသိပေးအကြောင်းကြားခဲ့သော်လည်း KIA အဖွဲ့အနေဖြင့် တပ်မတော်၏ အသိပေး အကြောင်းကြားထားမှုအပေါ် မသိကျိုးကျွန်ပြုကာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် KIA အဖွဲ့အနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်အနီးတွင် လက်နက်၊ ခဲယမ်းစက်ရုံများကို တည်ဆောက်၍ လက်နက်၊ခဲယမ်းများထုတ်လုပ်ကာ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရာတွင် အသုံးပြုသကဲ့သို့ ပြည်တွင်းရှိ အကြမ်းဖက်အဖွဲ့များကိုလည်း အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နောက်ကွယ်မှ လက်နက်၊ ခဲယမ်းများ ပံ့ပိုးခြင်း၊ အားပေးအားမြှောက်ပြုခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် ယခုကဲ့သို့အကြမ်းဖက်မှုလုပ်ရပ်များ ထပ်မံကျူးလွန်လာခြင်းများ မရှိစေရန်အတွက် ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထပ်မံ၍ပြည်သူလူထုနှင့် ပတ်သက်၍ နှောင့်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာခြင်း၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက လိုအပ်သော ပြန်လည်တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။





မြစ်ကြီးနားမြို့ နောင်ပုံကျေးရွာအနီး မြစ်ကြီးနား-မန္တလေးသွားလမ်းပေါ်မှ တံတားအရှည်ပေ ၆၀ ရှိ သံပေါင်ဘေလီတံတားအမှတ်(၇၂၂)ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့်မှတ်တမ်းဓာတ်ပုံ။





တံတားအရှည်ပေ ၂၀ရှိ တဝက်ချောင်းကူးကွန်ကရစ်တံတား(ရထားလမ်း)ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့်မှတ်တမ်းဓာတ်ပုံ။



တံတားအရှည်ပေ ၅၀ရှိ တဝက်ချောင်းကူးကွန်ကရစ်တံတား(ကားလမ်း)ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့်မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Hteehlain Shin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့သစ်(င)ရပ်ကွက်နေ ဇင်ကိုဦးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၆၃၁၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၁၅၇၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးရာတွင် နှမ်းဖြူ စမုန်နက်နှမ်းနှင့် သိပွံနှမ်းနက်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နှမ်းဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူတွေက စိုက်ပျိုးရေဖူလုံတဲ့အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာလဲ ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေဖို့၊ စားသုံးသူပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ဆီ စားသုံးနိုင်ဖို့၊ ပြည်ပသွင်းကုန်အစားထိုးအနေနဲ့ ဆီထွက်သီးနှံတွေဖြစ်တဲ့ နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း စတဲ့သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာတဲ့ဆီကို ဈေးကွက်အတွင်း ဖြန့်တင်းရောင်းချပေးနိုင်ဖို့ ရည်ရွယ်ပြီး ဆီထွက်သီးနှံတွေ စိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၂၂၀၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် စက်တင်ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံစုံ စိုက်ဧကအနေဖြင့် နေကြာ ၁၀၂၅ ဧက၊ မြေပဲ ၁၂၅၇ ဧက၊ နှမ်း ၁၅၇၄၂ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၈၀၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ရေတုံကင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒေးဒရဲ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ရေတုံကင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ရေတုံကင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန် မှာကြားသည်။



ဒေးဒရဲမြို့နယ် တော်ကမယ်ကျေးရွာ၌ အလျား ၄၆၄ ပေ၊ အနံ ၂၃၁ ပေနှင့် အမြင့် ၄ပေရှိ ရေကန်ခြံစည်းရိုးကာရံခြင်းနှင့် ရေတုံကင် လေးခု တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွှမ်းမံ) ရန်ပုံငွေကျပ် ၈ ဒသမ ၄၃ သန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် တော်ကမယ်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေများ ဖူလုံစွာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ပျဉ်းမနားမြို့နယ် အောင်ဘိတ်သိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျဉ်းမနား နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန့်ဘားကျေးရွာအုပ်စု အောင်ဘိတ်သိတ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက အောင်ဘိတ်သိတ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၁၉၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်ဘိတ်သိတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၁၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်နိုင်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃–၁၁–၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**


**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အိမ်ထောင်ဦးစီး

ကြယ်စင်(လားရှိုး)



(၁)

"တော်ပါတော့ ကိုသိန်းရယ်။ ရှင် တော်တော်လွန်နေပြီနော်။ ခင်လေး မပြောဘဲနေခဲ့တာကြာပြီ။ ခင်လေး သားသမီးတွေကို ကိုယ်ထိလက်ရောက် ရိုက်နှက်ပြီးမဆုံးမပါနဲ့လို့ ဘယ်နှခါပြောရမလဲ။ ရှင့်ကို ခင်လေး တောင်းပန်နေတာပါ ကိုသိန်း။ ဒီအရွယ်တွေက ပြောပြ၊ သင်ပြရင် နားလည်တတ်တဲ့အရွယ်ရောက်နေပြီ။ ငါအဖေ ငါခိုင်းတာလုပ်ဆိုတာမျိုးတွေမလုပ်ပါနဲ့တော့။ ပြီးတော့ ရှင်သောက်စားလာပြီး သားသမီးတွေကို မဆုံးမပါနဲ့"

"တော်တော့ ခင်လေး။ မင်းသားသမီးတွေ မင်းနိုင်လား ဟင်။ မင်းရဲ့သား ငါ့စကားနားမထောင်ရင် ငါ့အိမ်မှာ မနေစေနဲ့။ ကျောင်းလဲဆက်တက်မနေနဲ့။ စာအုပ်တွေ အကုန်မီးရှို့ပစ်မယ်။ အလကား ခွေးဖြစ်ချင်နေတဲ့ကောင်။ သူတောင်းစားသာသာလောက်ရှိတဲ့ အလုပ်လုပ်ချင်နေတာ။ ကြီးပွားမယ်မထင်နဲ့။ မင်းသားဘက်လိုက်နေရင် မင်းပါ အိမ်ပေါ်ကဆင်းတော့"

"အဲဒီလိုလဲမဟုတ်သေးပါဘူး ကိုသိန်းရယ်။ သားသမီးတွေ ကိုယ့်အရိပ်မှာရှိနေတဲ့အချိန်လေး မှန်ကန်တဲ့ ဆိုဆုံးမမှုလေးတွေနဲ့ သွန်သင်လမ်းပြပေးစေချင်တာပါ။ ကိုသိန်း သောက်ထားတာဆိုတော့ ခဏလေး အိပ်လိုက်နော်။ ကိုသိန်းအိပ်ရာကနိုးမှ ခင်လေးတို့ စကားဆက်ပြောကြတာပေါ့။ ပြီးတော့ ကလေးတွေကို အိမ်ပေါ်ကနှင်ချတဲ့အလုပ်မျိုး ဘယ်တော့မှမလုပ်ပါနဲ့ ကိုသိန်း"

ကိုသိန်းကို မနည်းချော့ပြီး အိပ်ခိုင်းလိုက်ရတယ်။ သားလေးဖြိုးဇင်က အဖေကိုစိတ်ဆိုးပြီး အပြင်ထွက်သွားတော့တယ်။ ဒီကိစ္စက ခင်လေးသားကြီးဖြိုးဇင် ၁၃ နှစ်လောက်ကတည်းက စလာခဲ့တဲ့ဇာတ်လမ်းပါ။

(၂)

"ဟဲလို သားလေး ပြန်မလာသေးဘူးလား။ မိုးချုပ်နေပြီ ပြန်လာတော့နော်"

"သားစိတ်ညစ်တယ် အမေရာ။ အဖေက သူဖြစ်ချင်တာပဲ သိတယ်။ သားလုပ်ချင်တာ၊ ဖြစ်ချင်တာတွေ ဘာမှခွင့်မပြုဘူး။ သား မဟုတ်တာလုပ်နေတာမှမဟုတ်တာ အမေရာ။ အကျိုးသင့်အကြောင်းသင့်ရှင်းပြလဲ အဖေက လက်မခံဘူး။ သား အိမ်မှာနေရတာအဆင်မပြေဘူးအမေ။ သား ပြန်မလာချင်ဘူး"

"သားခံစားချက်ကို အမေနားလည်ပါတယ် သားရယ်။ သားအဖေက သားအပေါ် ရည်မှန်းချက်အကြီးကြီးထားထားတော့ သားအရွယ်မရောက်ခင် လမ်းလွဲသွားမှာ စိုးရိမ်နေတာပါ။ အဖေနဲ့သား အေးအေးဆေးဆေး ဆွေးနွေးလို့ရအောင် အမေပြောပေးပါ့မယ်။ သား ပြန်လာခဲ့နော်"

"ညှိလို့ရမယ်လဲမထင်ပါဘူး အမေရာ။ အဖေက တကယ့်တစ်ယူသန်ကြီး။ သူဖြစ်ချင်တာချည်းပဲ လုပ်ခိုင်းနေတော့တာ။ သားကျောင်းတက်ရင်း ဝါသနာပါတာလေးလုပ်နေတာလေ။ အဖေ ခွင့်ပြုသင့်တာပေါ့။ ပြီးတော့ အဖေက အရက်သောက်ပြီး အမြဲမူးနေတာ။ ရပ်ကွက်ထဲရန်ဖြစ်ရင် သားတို့အိမ်ချည်းပဲ။ ရှက်စရာကောင်းနေပြီ။ မမူးတဲ့အချိန်ကျ ဘာမှမပြောဘူး။ မူးလာရင်ပြဿနာစပြီ"

"အေးပါ သားရယ်။ မိသားစုဆိုတာတော့ ဒီလိုပဲပေါ့။ အဖေက မှားခဲ့ရင်တောင် စေတနာအမှားပဲဖြစ်မှာပါ။ သားအဖေအပေါ် ကြည်လင်တဲ့အမြင်လေးနဲ့ ကြည့်ပေးမှရမယ်။ ပြန်လာခဲ့တော့နော်သား။ သူများအိမ်မှာ အကြာကြီးမနေစေချင်ဘူး"

ခင်လေး သားကို မနည်းချော့မော့ခေါ်ခဲ့ရတယ်။ သားလုပ်သူ အိုင်တီကျောင်းတက်နေကတည်းက ကိုသိန်း မျှော်လင့်ချက်ကြီးမားလာတယ်။ အဖေလုပ်သူက ရှာနိုင်ဖွေနိုင်တယ်။ ဘယ်သားသမီးမှ အားမကိုးဘူးလို့ မာန်တက်သလို သီချင်းဆိုဝါသနာပါလာတဲ့ သားက ကျောင်းတက်နေရင်း စားသောက်ဆိုင်မှာ သီချင်းဆို၊ ဂီတာတီးရင်း ဝင်ငွေရှာနိုင်လာတာမို့ အဖေ့ကို ခြေရာတိုင်းချင်လာပြီထင်ပါရဲ့။ ခင်လေး နှစ်ဖက်ကြား အနေရခက်တာကတော့အမှန်ပါပဲ။ သားစိတ်ကို သေချာဆန်းစစ်ကြည့်တော့မှ အရက်သေစာသောက်စားပြီး ပြောဆိုဆုံးမတတ်လာတဲ့ ဖခင်အပေါ် အရှိအသေတန်လာခဲ့တာပါ။

(၃)

"သွား အခု ငါ့အိမ်ပေါ်ကဆင်း။ ပညာလေးတော်လို့ အရေးပေးထားခဲ့မိတာ မှားတာပဲ။ ခင်လေး ဒီမှာတွေ့လား မင်း သား၊ ပြီးတော့ မင်း သမီး။ မင်း အိမ်မှာနေပြီး ဘာတွေလုပ်နေတာလဲ။ ကလေးတွေဖြစ်ချင်တိုင်းဖြစ်နေတော့တာ။ မင်းအိမ်မှာ ဘာလုပ်နေလဲ"

ကိုသိန်းပြောလိုက်တဲ့စကား ခင်လေးရင်ထဲ စူးနေအောင် နာပါတယ်။ မိန်းမတစ်ယောက်ကို အိမ်မှာ ဘာလုပ်နေသလဲတဲ့လား။

"ဒီမှာ ကိုသိန်း ပြန်ပြောလိုက်ပါအုံး။ အိမ်မှာ ဘာလုပ်နေသလဲ ဟုတ်လား။ မနက်လင်းတာနဲ့ကလေးတွေကျောင်းသွားဖို့၊ ရှင်အလုပ်သွားဖို့ အဝတ်အစားကအစ ထမင်းချိုင့်အဆုံး အားလုံးအဆင်သင့်ဖြစ်အောင် တစ်နေကုန် အလကားနေရတယ် ထင်နေသလား။ အဝတ်လျှော်၊ မီးပူတိုက်၊ ထမင်းဟင်းချက်၊ အိမ်သန့်ရှင်းရေး၊ ဘုရားစင်ကစလို့ အိမ်သာအဆုံး ရှင်တို့လက်တွေပါခဲ့သလား။ အိမ်ကနေ ကျော့ကော့နေအောင်ထွက်သွားပြီး ပိုက်ဆံရှာတာနဲ့ တာဝန်ကျေပြီထင်နေတာလား။ ပြန်လာတော့လဲ ရှိရှိသမျှအားလုံး ခင်လေးလက်ချည်းပဲ။ အဲဒါတောင်မှ ဘာလုပ်နေလဲ မေးနေရသေးသလား"

"ပိုက်ဆံရှာရတာကော လွယ်တယ်မင်းထင်နေသလား။ ရှာကြည့်လေ။ ငါရှာသလောက် မင်းရှာနိုင်မလားလို့"

"တော်ပါတော့ အမေရာ။ အဖေက အမြဲဒီလိုချည်းပဲ။ မူးလာရင်ပြဿနာလှုပ်ရှာတော့တာ။ တစ်ယောက်မဟုတ် တစ်ယောက်။ ထုံးစံချည်းကို ဖြစ်နေပြီ"

သားသမီးတွေကို လက်ပါခြေပါဆုံးမတိုင်း ခင်လေးနဲ့ ပြဿနာတက်ကြ၊ ရန်ဖြစ်ကြတာ အကြိမ်ရေများလာပြီး နောက်ဆုံးအိမ်ထောင်ကွဲဖို့ထိ ဖြစ်လာခဲ့တယ်။

(၄)

"စဉ်းစားပါအုံး ခင်လေးရယ်။ အိမ်ထောင်တစ်ခုပြိုပျက်ရလောက်အောင် မောင်သိန်း မမိုက်လောက်ပါဘူး။ အဲဒီလောက်ဆိုးတဲ့ကလေးမှ မဟုတ်တာပဲ"

"ဒေါ်လေးပြောတာ အရင်က ကိုသိန်းပါ။ အခု ကိုသိန်းက လူစိတ်မရှိတော့ဘူး ဒေါ်လေးရဲ့။ အရက်တွေအမူးလွန်လာပြီး လူစိတ်မရှိ ရိုက်နှက်လာတာ ခင်လေးတင်မဟုတ်တော့ဘူး။ ကလေးတွေပါဖြစ်လာနေပြီ ဒေါ်လေး။ သားနဲ့ သမီးက အရွယ်ရောက်လာကြပြီဆိုတော့ အော်ကြီးဟစ်ကျယ်စကားများရန်ဖြစ်တာ ရှက်တတ်လာပြီလေ။ ခင်လေး သားနဲ့ သမီးကို သိပ်သနားတာပဲ။ ကလေးတွေက ဆိုးတဲ့ကလေးတွေ မဟုတ်ပါဘူး။ ကိုသိန်းကိုယ်တိုင်က တစ်ယူသန်ပြီးအတ္တများနေတာ ဒေါ်လေး။ ခင်လေး တတ်နိုင်သလောက် ချော့မော့ပြောခဲ့ပြီးပြီ။ သူပြောင်းလဲမလာဘူး။ သူဖြစ်ချင်တာချည်းပဲ အတင်းအကျပ်လုပ်နေတော့ ခင်လေးသားသမီးကို ခင်လေး ကာကွယ်ပေးမှရတော့မှာ။ နို့မို့ဆို ကလေးတွေ လမ်းဘေးရောက်ကုန်ကြတော့မယ်။ နေ့စဉ်ရက်ဆက် သောကတွေနဲ့နေနေရတယ်။ လူတွေကြားမှာလဲ ခင်လေးတို့ အရှက်ရပေါင်းမနည်းတော့ဘူး။ အရက်သမား သားမယားဖြစ်ရတာ သိပ်ဂုဏ်ငယ်တာပဲ ဒေါ်လေးရယ်"

"အင်း သေရည်သေရက် မကောင်းမှုန်းသိသိကြီးနဲ့ လုပ်နေကြတော့တာကိုး။ အခုလို ညည်းတို့ထွက်လာကြလို့လဲ ပြီးသွားမှာမှမဟုတ်တာ။ မောင်သိန်းနဲ့ သေချာညှိကြပါအုံး။ မိသားစုပြိုကွဲလောက်တဲ့ထိတော့ မောင်သိန်း မမိုက်သင့်ဘူး"

"ခင်လေး အမျိုးမျိုးစမ်းသပ်ကြည့်ပြီးပြီ။ အရက်ဖြတ်ဖို့ ဘယ်လိုမှဖြစ်နိုင်မယ်မထင်တော့ပါဘူး ဒေါ်လေးရယ်။ ခင်လေး လင်ဆိုးမယားဘဝရောက်နေပါပြီ။ အိမ်ထောင်တစ်ခုမှာ အိမ်ထောင်ဦးစီးအဖေဆိုတာ သိပ်အရေးကြီးတာဒေါ်လေးရဲ့။ လင်ယောက်ျားလုပ်သူက ဇနီးကိုချစ်ခင်ကြင်နာနွေးထွေးမှ ဇနီးမယားပျော်ရွှင်အေးချမ်းရသလို မိခင်ပျော်ရွှင်အေးချမ်းနေမှ သားသမီးလေးတွေ နွေးထွေးအေးချမ်းပျော်ရွှင်ကြရတာ။ အားလုံးကဆက်စပ်နေတာ။ ကိုသိန်းတစ်ယောက် အသိဝင်လာမယ်မထင်တော့ဘူး။ သူငွေရှာနိုင်တယ်၊ သူရှာကျွေးနေတယ်၊ သူ့အိမ်၊ သူမွေးထားတာ သူလုပ်ချင်သလိုလုပ်မယ်နဲ့ အတ္တတွေကြီးလာလိုက်တာ ပူလောင်လွန်းလို့ ခင်လေးတို့သားအမိတွေ အတွင်းကလီစာတွေလောင်ကျွမ်းကုန်ပြီ။ ဒီ့ထက်ရှေ့ဆက်ရင် ကလေးတွေ အနာဂတ်နဲ့ ဘဝတွေပါ လောင်ကျွမ်းကုန်ရင် မခက်ပေဘူးလား။ ခင်လေးက လင်သားမို့သည်းခံနိုင်တယ်ထား အပျိုသင်ခါစ အရွယ်မရောက်သေးတဲ့ကလေးတွေ ငြိမ်ခံနေမယ်ထင်သလား ဒေါ်လေး။ မေတ္တာတရားမရှိတော့ဘဲ အတ္တတွေပူလောင်နေတဲ့နေရာကနေအချိန်မတိုင်ခင်ထွက်သွားရင် အကုန်လမ်းမှားရောက်ကုန်ကြလိမ့်မယ်။ အဲဒီအခါကျမှ ခင်လေးရင်ကွဲရလိမ့်မယ်။ အခုလဲ ခင်လေးအပြီးပြတ်လုပ်လိုက်တာမဟုတ်ပါဘူး။ ကိုသိန်းတစ်ယောက် နောင်တရတန်ကောင်းရယ်လို့ မျှော်လင့်မိတာပါပဲ။ ဒေါ်လေးဆီ ခင်လေးတို့လာမယ်လို့ သူထင်မှာမဟုတ်ဘူး။ မြို့ထဲမှာသာ လှည့်ပတ်ရှာနေမှာ"

"အေးပါအေ။ ငါတော့ ကလေးတွေသနားတာပါအေ။ အရင် ငါတို့လာတုန်းက ညည်းတို့အဆင်ပြေပြေနဲ့ အေးချမ်းနေခဲ့တာကိုး။ ကလေးတွေကြီးခါမှ ဒီလိုဖြစ်တော့ စိတ်မကောင်းလိုက်တာ။ ကဲ ကဲ နားကြတော့"

(၅)

ညကအတော်မူးသွားတာမို့ နေ့လယ်ရောက်မှ ကျွန်တော်နိုးတော့တယ်။ ကလေးတွေကျောင်းသွားကုန်လောက်ပြီ။ ခင်လေးတစ်ယောက်တည်းမို့ ဘာသံမှ မကြားရတာနေမှာ။ အိပ်ရာထဲက လူးလဲထလိုက်ပြီး ရေအိမ်အရင်ဝင်လိုက်ရင်း မီးဖိုထဲကြည့်တော့ ခင်လေးကိုမတွေ့ရဘဲ အမေကဟင်းချက်နေတာမို့ ကျွန်တော်မျက်လုံးပြူးသွားမိတယ်။ အမေ ကျွန်တော့်အိမ်လာခဲတယ်။ တော်ရုံအကြောင်းကိစ္စမရှိဘဲ အမေ ရောက်မလာတတ်တာမို့ စိတ်ထဲထင့်သွားမိတယ်။ ရေအိမ်ကထွက်လာပြီး ဘေစင်မှာမျက်နှာသစ်နေတုန်း အမေ စကားစလာတော့တယ်။

"မျက်နှာသစ်ပြီး ဧည့်ခန်းထဲလာခဲ့ မနက်စာ လုပ်ထားတယ်"

အမေ့အသံက အနည်းငယ် မာထန်နေတယ်။ ခင်လေးကိုလဲ မမေးရဲ။ ဒီမိန်းမ ဘယ်သွားနေပါလိမ့်။ အိမ်ရှေ့ထွက်လာတဲ့ထိ ခင်လေးမျက်နှာ မမြင်ရသေး။

"ဘာရှာနေတာလဲ ရှာမနေနဲ့။ ခင်လေးတို့သားအမိတွေ အိမ်ပေါ်ကဆင်းသွားကြပြီ။ ရော့ ဒီမှာကွာရှင်းစာချုပ်။ မင်းကိုတော့ ငါအံ့သြတယ် ငသိန်း။ မင်းအသက်လဲ ပြန်ကြည့်အုံး။ အသောက်အစားတွေလုပ်လာကတည်းက ငါအတန်တန်ပြောခဲ့တယ်။ အခုမင်းက သောက်စားမူးရူးပြီး မိသားစုတွေနှိပ်စက်တဲ့ထိဖြစ်နေပြီဆို။ တစ်စိတ်ရှိ ဒေါ်သကရှေ့က။ မင်းဖြစ်ချင်တာတွေချည်း မင်းလုပ်နေလို့ရမလား။ အခုခေတ်ကလေးတွေ မပြောနဲ့ မင်းတောင် မိဘတွေစကား နာခံခဲ့လို့လား။ အခုကြည့် ပြဿနာက မိုးမီးလောင်ပြီ။ ဒီအချိန်ထိနေလာခဲ့ကြပြီးမှ ကွဲကြကွာကြဆိုတော့ လူကြားလဲ မကောင်းဘူး။ ငါကြည့်သလောက် ဖြိုးဇင်လေးကော၊ ပန်းဝေကော သူ့အတိုင်းအတာနဲ့သူ လိမ္မာကြပါတယ်။ ကလေးတွေက ကျောင်းတန်းလန်းနဲ့၊ ခင်လေးက

စာမျက်နှာ ၂၄ သို့ ➤

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၉၆၀ စိုက်ပျိုးပြီးစီး



**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၉၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၄၃၉၆၀ ကို ယခုနှစ်ဇွန်လဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧက ၁၄၃၉၆၀ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန်ကြီးထောင့်မြို့နယ်အနေနဲ့ စပါးဧက ၁၄၃၉၆၀ ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးတွေ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို စပါးမစိုက်မီ အချိန်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လဲ အခုလို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထားဧက ၁၄၃၉၆၀ အားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့် ဌာနအဖွဲ့အစည်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ မိုးစပါးဧက ၁၄၃၉၆၀ တွင် ဆင်းသုခစပါး၊ မော်ဘီ ၃ စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဒီနှစ် အထွက်နှုန်းကောင်းစပါးတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးမှုနဲ့ တစ်ဧက စပါးတင်း ၁၀၀ ထိထွက်ရှိဖို့ လျာထားရည်မှန်းစိုက်ပျိုးထားပါတယ်။ ရွှေခရုအန္တရာယ်လဲ လက်ရှိအချိန်ထိ ကျရောက်တာမရှိပါဘူး။ အဓိကအချက်ကတော့ စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီမှုတွေကြောင့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ်မှ တောင်သူ ဦးတင်ထွန်းက ပြောပြသည်။ **ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

မင်းနဲ့အိမ်ထောင်ကျကတည်းက ဘာစီးပွားမှ ရှာခဲ့ရတာမဟုတ်ဘူး။ မင်းငယ်ရွယ်တုန်းကတော့ မယားစိတ်မချတာနဲ့ ဘာမှမခိုင်းခဲ့ဘဲ အခုကျမှ ထွက်ရှာဆိုတာက ဘာစကားလဲ။ သူလဲ အိမ်ထောင့်တာဝန်ကျေနေတာပဲ။ အခုကျမှ မိန်းမသားတစ်ယောက်ကို ချိုးနှိမ်ပြီးအပြစ်ရှာတာ၊ ရှိုက်နှက်တာ မင်းမရှက်ဘူးလား"

"အမေကလဲဗျာ သူတို့ပြောသမျှ အမေယုံနေတာ။ အမေက အဝေးမှာနေတာ အမေဘာသိမှာလဲ"

"ခဏနေအုံး ထွန်းသိန်း ငါ့စကားမဆုံးသေးဘူး။ မင်းငယ်ငယ်က မင်းအဖေခိုင်းတာတစ်မျိုး မင်းလုပ်ချင်တာတစ်မျိုးပြဿနာဖြစ်ကြတော့ မင်းအဖေ ဘယ်လိုလုပ်ပေးခဲ့သလဲပြန်စဉ်းစား။ မင်းဘွဲ့ရပြီးသားဦးနှောက်ရှိတယ်။ မင်းကိုဖျက်နေတာအရက် သိရဲ့လား။ ကြာရင်ရူးကြောင်ကြောင်ပါ ဖြစ်လာလိမ့်မယ်။ သားသမီးမွေးထားတာလေ ကိုယ်မဖြစ်ခဲ့ရတဲ့ဘဝတွေကို ဖြစ်အောင်ဖန်တီးယူရမဲ့ သက်မဲ့တွေမဟုတ်ဘူး။ အခု ဖြိုးလေး ကျောင်းစာလုပ်ရင်း သူ့ဝါသနာအရ ဂီတလမ်းကြောင်းလျှောက်တယ်။ အဖေတစ်ယောက်အနေနဲ့ လမ်းမှားရောက်မှာ စိတ်ပူတာလက်ခံတယ်။ ဒါပေမဲ့ အတင်းအကျပ်မတားဆီးနဲ့။ အဓိကနဲ့ သာမည ခွဲခြားပြီးလုပ်ဖို့ မင်းဝိုက်လိုင်းချပေးရမှာ။ ပန်းဝေလေး တက္ကသိုလ်စတက်ရတော့မယ် ရည်းစားထားတာ ဆန်းသလား။ မင်းတို့ခေတ်လိုမဟုတ်ကြတော့ဘူး။ အခုခေတ် ၁၀ နှစ်ကျော်တာနဲ့ ရည်းစားရနေတာတွေ တစ်ပုံကြီး။ အဲဒါကို လူသိရှင်ကြားအော်ဟစ်ဆုံးမနေရသလား။ မင်းဦးနှောက်တွေ ဘယ်ရောက်ကုန်တာလဲ။ သူများတွေက ကြည့်ပြီးအားကျနေခဲ့ရတဲ့ မိသားစုက အခုကျမှပြိုကွဲရပြီ။ ခင်လေးက သူပြောချင်တာတွေ အကုန်ပြောထားခဲ့တာ။ ငါနားထောင်သမျှတော့ ခင်လေးပြောတာ အမှန်တွေချည်းပဲ။ အဲဒါ ငါ့မြေးတွေပြန်ရှာ တောင်းပန်ပြီးပြန်ခေါ်လာခဲ့။ ကိုယ်မွေးထားတဲ့သားသမီးအထာမှမနပ်ရင် မင်းအသုံးမကျလို့ပဲ"

"အမေက သူတို့ဘက်ကချည်းပဲ။ ကျွန်တော်လဲမကွဲပါဘူး"

"မကွဲလို့ရမလား။ ခင်လေးက အကုန်ပြောသွားပြီး စာချုပ်ထားခဲ့တာ မူးရူးသောက်စားပြီး နှိပ်စက်နေမှတော့ ကွဲသာကွဲလိုက်တော့"

"အမေကလဲဗျာ"

ကျွန်တော် အမေ့ကို ခွန်းတုံ့ပြန်မိတယ်။ တကယ်လဲ ကျွန်တော်ကွဲမပေးနိုင်ပါ။ အရက်သောက်လာတာ နှစ်ကြာလာပြီဖြစ်တဲ့အတွက် အလိုလိုဒေါသထွက်တတ်လာတယ်။ အပြင်မှာ အလုပ်ကိစ္စအဆင်မပြေလဲ အိမ်ကမိသားစုအပေါ် မဲတတ်လာတယ်။ စိတ်ကြမ်းလူကြမ်းဖြစ်လာပြီး တွေ့သမျှအပြစ်မြင်လာတတ်တာ ကြာခဲ့ပါပြီ။

ခင်လေးက သားသမီးကွယ်ရာ ချော့မော့ပြောလဲ ကျွန်တော်နားမဝင်နိုင်ခဲ့တာမို့ အခုတော့ ကျွန်တော့်ကိုထားခဲ့ပြီ။ တကယ်တော့ အရက်သောက်တိုင်း သွေးဆူလွယ်ပြီး သွေးဆိုးတတ်တာ ကျွန်တော့်အကျင့်ပါ။ အမေ ကျွန်တော့်ကိုဆူပူပြီးပြန်သွားတော့ ခင်လေးတို့သားအမိကို လိုက်ရှာရတော့တယ်။ အမျိုးရှိသမျှ လှည့်ပတ်ရှာပေမဲ့ မတွေ့တာကြောင့် စိတ်ပူလာမိတယ်။ အရက်ပုလင်းကိုင်မိတိုင်း ခင်လေးနဲ့အတူ သားနဲ့သမီး မျက်နှာမြင်ယောင်လာတယ်။ သားသမီးတွေ အရွယ်ရောက်လာတော့ အဖေကို ခြေစုံကန်ထွက်တယ်။ မိန်းမလုပ်သူကလဲ သားသမီးအားကိုးနဲ့ အာခံတယ်လို့ စိတ်ထဲတွေးထင်ပြီး ကိုယ့်အုပ်ချုပ်မှုအောက်ကို အတင်းဆွဲသွင်းပြီး အုပ်ထားခဲ့မိတယ်။ မေတ္တာတရားနဲ့ နွေးထွေးမှုပေးပြီး ဆုံးမရမဲ့ အစား ဒေါသနဲ့ပြဿနာတိုင်းဖြေရှင်းနေခဲ့တော့ အမှားတွေဆက်တိုက်ဖြစ်လာနေခဲ့တယ်။ ဒီကြားထဲ မူးလာတိုင်းပြဿနာရှာတတ်တဲ့ ယောကျ်ား၊ အရွယ်ရောက်လာနေတဲ့ သားသမီးတွေကို ပတ်ဝန်းကျင်မှာ မျက်နှာငယ်စေခဲ့တဲ့အပြင် ကြင်နာနွေးထွေးမှုလုံခြုံမှုမပေးနိုင်တဲ့ဖခင်ကို စွန့်ပစ်သွားကြတာ မဆန်းပါဘူး။ ဒါပေမဲ့ ကျွန်တော်အရက်ဖြတ်ပြီး ခင်လေးရယ် သားနဲ့သမီးကို တွေ့အောင်ရှာပြီး ပြန်ခေါ်လာမှာပါ။ အမေပြောသွားတဲ့စကားလေး တစ်ခွန်းကို ကျွန်တော်သေတဲ့ထိ မှတ်သားလိုက်နာသွားမှာပါ။

အိမ်တစ်အိမ်ရဲ့အရေးကြီးဆုံးက ခေါင်းဖြစ်သလို အိမ်ထောင်တစ်ခုရဲ့ အရေးပါဆုံးက အိမ်ထောင်ဦးစီးဖြစ်တဲ့ အဖေပဲဖြစ်တယ်။ မိသားစုအတွက် နွေးထွေးလုံခြုံမှုကိုအပေးနိုင်ဆုံးကလဲ အဖေ့မေတ္တာဆိုတာ ကျွန်တော်သေချာနားလည်ခဲ့ပါပြီ။ ဒီနေ့ရက်ကစလို့ မေတ္တာလွှမ်းခြုံပြီးနားလည်မှုအပြည့်နဲ့ သားသမီးဖြစ်ချင်တာကို ဦးစားပေးစဉ်းစားပြီး ညှိနှိုင်းယူဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ။ မူးရစ်စေတဲ့အရာမှန်သမျှ ဘယ်အရာမှ မကောင်းတာမို့ အရက်လဲဖြတ်လိုက်ပါပြီ။ အစကတော့ အပျော်သောက်၊ အပျင်းပြေသောက်နဲ့ ကြာတော့ မသောက်ရမနေနိုင်ဖြစ်လာပြီး အရက်သမားဘဝ ရောက်မှန်းမသိရောက်လာခဲ့တော့တာပါပဲ။ အရက်ကြောင့် မိသားစုဘဝပျက်နိုင်သလို အသက်ဘေးပါရောက်နိုင်တာ ကျွန်တော်အသိနောက်ကျခဲ့တာပါ။ ဒီနေ့ကစ မေတ္တာဓာတ်တွေပြည့်ဝပြီး နွေးထွေးတဲ့ အိမ်ကလေး တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်တော့တယ်။

---

## ပန်းတိုင်ဝင်စေ ချစ်မိတ်ဆွေ

\- လဲနေသူ ကူတွဲကြ
ထူဆွဲမ အားပေးမှာ၊
ရှုံးအနိုင် ကြုံအလှည့်
ဆုံခဲ့ချိန်ခါ၊
ဇွဲမာန်တင်း ကြိုးစားပါ
နိုးကြားစွာ အားမလျော့၊
လူရည်ချွန် လူ့အစွမ်း
မနွမ်းစေတော့။

\- ကြုံ့ခိုင်စွာ ရင်ကိုကော့
ခေါင်းမော့လို့ နွဲပြိုင်ယှဉ်၊
ဆူးလမ်းမှာ ရှိအဖျက်
ပြည့်နှက်စုံလင်၊
အားသစ်ပျိုး နုသစ်လွင်
ပန်းတိုင်ဝင် ရှေ့ချီလမ်း၊
အခက်ကြုံ နောက်မဆုတ်
အားထုတ်အစွမ်း။

\- ခိုင်မာစွာ မကြောက်စတမ်းပေါ့
လျှောက်လှမ်းတော့ ချစ်မိတ်ဆွေ၊
အခက်ကြုံ အံကြိတ်လို့
မာန်စိတ်တို့လေ၊
ရှုံးနိမ့်လို့ မမှုစေ
မြင့်အခြေ ကြုံတစ်နေ့၊
ချစ်မိတ်ဆွေ အားအပြည့်ရယ်နှင့်
ညစ်စိတ်တွေ ပွားမရှိလို့
သွားကြည့်တစ်ရွှေ့။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

---

# မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီတောကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ ရက်က အဆိုပါ ကျေးရွာရှိစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ အရင်း၊ အတိုးနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးအရင်းငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းစေလိုကြောင်း၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မယ်ဇလီတောကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မယ်ဇလီတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅၂ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

မြင်းခြံကျော်အောင်

# အရိပ်ငါးပါး

ဤကမ္ဘာလောကကြီးတွင် အရိပ်ငါးပါးရှိသည်ဟု ရှေးပညာရှင်ကြီးများက သတ်မှတ်ပေးခဲ့သည်။ ဤအရိပ်များကား ရုက္ခဆာယာ-သစ်ပင်အရိပ်၊ ဉာတိမာတာပိတုဆာယာ-ဆွေမျိုးမိဘအရိပ်၊ ရာဇသဆာယာ-မင်းတို့အရိပ်၊ အာစရိယဆာယာ-ဆရာအရိပ်နှင့် ဗုဒ္ဓသဆာယာ-ဘုရားအရိပ်တို့ဖြစ်ကြသည်။ ထိုအရိပ်တိုင်းသည် အေးမြမှုကိုပေးသည်။ အအေးမြဆုံးအရိပ်မှာ ဗုဒ္ဓသဆာယာ-ဘုရားအရိပ်ပင်ဖြစ်သည်။ ထိုအရိပ်များကို ခိုလှုံသူတိုင်းသည် လောကီစည်းစိမ်ဥစ္စာရတနာရွှေငွေကြွယ်ဝမှုကို ခံစားကြရသည်။ အဆုံးစွန် နိဗ္ဗာန်မျက်မှောက်ပြုရသည်ထိ အကျိုးပေးသည်။ ဤသည်တို့ကို အကျဉ်းမျှဖော်ပြလိုက်ပါသည်။

**ရုက္ခဆာယာ-သစ်ပင်အရိပ်**

"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားရ" ဟူသော မြန်မာစကားပုံရှိသည်။ ကျေးငှက်တိရစ္ဆာန်များ၏ နားခိုရာ၊ ဝမ်းရေးအတွက် စားသောက်ရာသည် သစ်ပင်များအပေါ်တွင် တည်နေသည်။ ထို့အတူ လူသားတို့၏ နေထိုင်ရေးနှင့် စားသောက်ရေးအတွက်လည်း သစ်ပင်များကို မှီခိုနေကြရသည်။

စာရေးသူ၏ အိမ်ဝင်းနှင့် ပတ်ဝန်းကျင်တွင် မြေပိုရှိသဖြင့် သပြေ၊ နှင်းဆီ၊ စံပယ် စသည့်ပန်းပင်များ၊ မြင်းခွာ၊ ရှမ်းနံနံ စသည့်ဟင်းရွက်ပင်များနှင့် သရက်၊ ဒန့်သလွန် စသည့်သီးပင်များ စိုက်ပျိုးထားသည်။ ဘုရားကပ်လှူရ၊ လူစားရ၊ မိတ်ဆွေများကိုပေးရသည်။ အိမ်စရိတ်သက်သာပြီး လတ်လတ်ဆတ်ဆတ်စားသုံးရသောကြောင့် အိမ်တိုင်းစိုက်ပျိုးအပ်သည်။

မြန်မာနိုင်ငံတွင် ရှေးကသစ်တောများ ဖုံးလွှမ်းခဲ့သည်။ သစ်ခုတ်သစ်ထုတ်လုပ်ငန်းများကို အကြီးအကျယ်ဆောင်ရွက်ခဲ့ကြ၏။ ယခု သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ရာခိုင်နှုန်းသာရှိတော့သည်ဟု သိရသည်။ ဤမျှ သစ်တောများလျော့နည်းခဲ့ပြီး နေရာအများ လွင်တီးခေါင်ဖြစ်ကုန်ပြီ။

သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ တောင်ပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေအောက်ရေများ ခန်းခြောက်ခြင်းနှင့် တောတွင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်ကုန်ခြင်း စသောဆိုးကျိုးများ ဖြစ်ပေါ်စေသည်။ သစ်ရှားပါးရှားဖြစ်သဖြင့် လူတို့၏စီးပွားရေးလည်း များစွာထိခိုက်ခဲ့ရသည်။

ဤသို့သော ဆိုးကျိုးများမှကာကွယ်ရန်အတွက် နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး မိုးကာလတွင် သစ်ပင်စိုက်ပျိုးပွဲများကျင်းပဆောင်ရွက်ခဲ့သည်။ ရေဝေရေလဲဒေသများတွင် သစ်တောများဖြစ်ထွန်းလာစေရေးအတွက် သစ်စေ့များကို ရဟတ်ယာဉ်များဖြင့် ကြဲချခြင်းပြုခဲ့သည်။ တရားမဝင်သစ်ထုတ်လုပ်ခြင်းကို ဖမ်းဆီးမှုများဆောင်ရွက်ခဲ့သည်။

အဓိကလိုအပ်ချက်မှာ လူတိုင်း သစ်ပင်မြတ်နိုးလာရေးနှင့် သစ်တောသစ်ပင်များစိုက်ပျိုးရေးပင်ဖြစ်သည်။ အထူးသဖြင့် ကျေးရွာကို စီမံအုပ်ချုပ်သူများနှင့် ကျေးရွာလူထုတို့သည် သစ်ပင်သစ်တောများကို အသိစိတ်ဓာတ်ဖြင့် စိုက်ကြရမည်။ စိုက်သမျှရှင်သန်အောင်ပြုစုပျိုးထောင်ကြရမည်။ တရားမဝင်သစ်ခုတ်မှုကို ဆင်ခြင်ကြရပါမည်။ မိမိဒေသတွင် ဖြစ်ထွန်းသောသစ်ပင်များကို စိုက်ကြရပါမည်။ လူတိုင်း၊ မိသားစုတိုင်းက စိုက်ကြမည်၊ ထိန်းသိမ်းကြမည်ဆိုပါက မြန်မာနိုင်ငံကို သစ်တောများပြန်လည်ဖုံးလွှမ်းလာပါမည်။

ထိုအခါ သစ်တောများပြုန်းတီးခြင်းကြောင့်ဖြစ်ပေါ်လာသောဆိုးကျိုးများ လျော့နည်းသွားပါမည်။ ပြည်သူတို့၏စီးပွားရေးလည်း တိုးတက်လာမည်။ သို့ဖြစ်၍ ရုက္ခဆာယာ-သစ်ပင်အရိပ်ကို ခိုလှုံအပ်ပေသည်။

**ဉာတိမာတာပိတုဆာယာ-ဆွေမျိုးမိဘအရိပ်**

ရုက္ခဆာယာထက် အေးမြသောအရိပ်မှာ ဉာတိမာတာပိတုဆာယာ-ဆွေမျိုးမိဘအရိပ်ဖြစ်သည်။ လူ့ဘောင်လောကတွင် အထူးအကျိုးပြုသောအရိပ်တစ်ပါးလည်းဖြစ်သည်။ ဖြစ်စဉ်နှစ်ရပ်ကို သာဓကထားဖော်ပြပါမည်။ ပထမသာဓကမှာ လွန်ခဲ့သောအနှစ် ၃၀ ကျော်က ခင်ပွန်းကွယ်လွန်သွားခဲ့သည့် ဆေးလိပ်သမတစ်ဦး၊ သားယောကျ်ားလေးတစ်ယောက်နှင့် သမီးငယ်နှစ်ယောက်ဖြင့် ကျန်ရစ်ခဲ့သူ။ သားယောကျ်ားလေးမှာ အသက် ၁၅ နှစ်ခန့်ရှိပြီး သူတစ်ဦးတည်း၏လုပ်ခဖြင့် မစားလောက်။ သို့ဖြစ်၍ သားကို "ငါ့သား မင်းကျောင်းထွက်ပြီး စက်ချုပ်ပညာသင်ပါ။ စက်ချုပ်ပြီး အမေတို့စားဝတ်နေရေးအဆင်ပြေအောင် မင်းအလုပ်လုပ်တော့"ဟု ပြောခဲ့သည်။ သားက အမိစကားနားထောင်ပြီး အလုပ်လုပ်ရှာသည်။ မိခင်ဝင်ငွေ၊ သားဝင်ငွေဖြင့် သမီးနှစ်ယောက်ကို တက္ကသိုလ်ဝင်တန်းအောင်သည်ထိ ကျောင်းထားပေးသည်။ သမီးနှစ်ယောက်က ရုံးဌာနများတွင် ဝင်ပြီး အလုပ်လုပ်သည်။ ဖြင်ပမှ တက္ကသိုလ်ပညာဝင်ဖြေရာ တက္ကသိုလ်ဘွဲ့ရများဖြစ်ပြီး မိသားစုဘဝလှပတင့်တယ်ရသည်။ လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့ပြီး အဓိကအချက်မှာ အမိ၏အစီအမံများကို သားကနာခံပြီး ဝင်ငွေရှာခဲ့သည်။ ညီမများ ကျောင်းသင်ပညာပြည့်ဝစွာရစေရန် အစ်ကိုဖြစ်သူအနစ်နာခံရှာသည်။ ဤသည်ကား ဉာတိဆာယာပင်ဖြစ်သည်။ မိခင်၏အရိပ်ကို ကောင်းစွာခိုလှုံသည်ဟုလည်း ပြော၍ရပါသည်။

ဒုတိယသာဓကမှာ ကမ္ဘာ့ပန်းချီကျော်ဆရာကြီး ပီကာဆို၏ဖြစ်ရပ်။ ဖခင်က စပိန်နိုင်ငံ ဘာစီလိုနာတက္ကသိုလ်မှ ပန်းချီပါမောက္ခဖြစ်သည်။ ပန်းချီပါမောက္ခသား ပီကာဆိုက ကလေးဘဝကပင် ပန်းချီဆွဲဝါသနာပါသည်။ ဖခင်သင်ပေး၍ ၁၂ နှစ်သားတွင် ပန်းချီပညာကျွမ်းခဲ့သည်။ သို့သော် ဖခင်က ပညာထူးချွန်စေရန် သူ့ဌာနတွင်လည်း သင်ယူစေသည်။ စပိန်မြို့တော် မက်ဒရစ်တက္ကသိုလ်ကျောင်းကြီးတွင်လည်း အဆင့်မြင့်ပန်းချီပညာများ သင်ယူစေခဲ့သည်။ နောက်ဆုံး အနုပညာမြို့တော် ပြင်သစ်နိုင်ငံရှိ ပဲရစ်သို့တိုင် ပညာသင်နိုင်စေရန် အိမ်မှ ရှိစုမဲ့စုငွေဖြင့် သားကိုစေလွှတ်ခဲ့သည်။ မိခင်ကလည်း အားပေးသည်။ ပီကာဆိုကိုယ်တိုင်ကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် အပင်ပန်းခံကြိုးစားသည်။ သို့ဖြင့် ကမ္ဘာ့ပန်းချီကျော်ကြီးဖြစ်ခဲ့ရပေတော့သည်။ ဤသည်ကား မိဘအရိပ်ကို ကောင်းစွာခိုလှုံခွင့်ရရှိခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။

ထို့ကြောင့် မိဘများကလည်း မိမိတို့၏သားသမီးများအတွက်၊ အစ်ကိုအစ်မများကလည်း မိမိတို့၏ မောင်ငယ်၊ ညီမငယ်များအတွက် အေးမြသောအရိပ်ဖန်တီးပေးကြရမည်ဖြစ်သည်။ စာပေပညာ၊ အတတ်ပညာများ တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားခွင့်ပေးခြင်း၊ လူကောင်းလူတော်များဖြစ်စေရန် ထိန်းကျောင်းပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ ဉာတိမာတာပိတု၏အရိပ်ရရှိကာ ဘဝတွင် အောင်ပန်းဆင်နိုင်ကြမည်ဖြစ်သည်။

အရိပ်ပေးသူကပေးပြီး ခံယူသူက မခံယူ၊ မခိုလှုံလျှင် ဤဘဝတွင် ကြီးပွားချမ်းသာသူ၊ အဆင်ပြေချောမွေ့သူဖြစ်မလာနိုင်သည်ကိုမူ အထူးပြောဖွယ်ရာမရှိပါပေ။ ဉာတိမိဘအရိပ်မပေးသူများမဖြစ်စေရန်လည်း ကိုယ့်ကိုယ်ကိုယ် သတိပြုကြရပါမည်။ လူတို့၏ဘဝများကို လေ့လာသည့်အနေဖြင့်ကြည့်ပါ။ မှန်ကန်သောသင်ခန်းစာယူစရာများ တွေ့ရပါမည်။

**ရာဇသဆာယာ-မင်းတို့၏အရိပ်**

ရှေးကာလမှစပြီး မျက်မှောက်ခေတ်တိုင် တိုင်းနိုင်ငံများတွင် အဆင့်ဆင့်သောမင်းများရှိခဲ့သည်။ အခြေခံအကျဆုံးမှာ ရပ်ကွက်ကျေးရွာကို စီမံခန့်ခွဲအုပ်ချုပ်နေသောမင်းများ၊ အလယ်အလတ်တွင် မြို့နယ်နှင့် ခရိုင်များကို အုပ်ချုပ်သူများ၊ အထက်အဆင့်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်၊ နိုင်ငံတော်ကို စီမံအုပ်ချုပ်နေသောမင်းများဟူ၍ ရှိကြသည်။ မင်းများတွင် အာဏာရှိသည်။ လုပ်ပိုင်ခွင့်ရှိသည်။ လုပ်ကိုင်နိုင်စွမ်းလည်းရှိသည်။

ရှေးခေတ်က သက်ဦးဆံပိုင်စနစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်သည်။ ယနေ့ခေတ်ကာလတွင် ဒီမိုကရေစီစနစ်ကျင့်သုံးပြီး အုပ်ချုပ်သည်။

အဓိကမင်းနှစ်မျိုးရှိသည်။ မင်းကောင်းနှင့် မင်းဆိုး။ မင်းကောင်းက ပြည်သူ့ရန်ဟူသမျှ ကာကွယ်ပေးသည်။ ပြည်သူများအေးချမ်းသာယာစေရန် စီမံအုပ်ချုပ်သည်။ ယနေ့ခေတ်တွင် မင်းအစိုးရကို ပြည်သူများက ရွေးချယ်တင်မြှောက်ကြရာ ပြည်သူများက ကောင်းသောအစိုးရ၊ သန့်ရှင်းသောအစိုးရများကို ရွေးကောက်တင်မြှောက်ကြရပါမည်။ သို့မှ တိုင်းပြည်တည်ငြိမ်ချမ်းသာပါမည်။ ပြည်သူများကြွယ်ဝပါမည်။ ထို့ကြောင့် ရာဇသဆာယာ-မင်း၏အရိပ်ကို ခံစားခံစားနိုင်စေရန် ပြည်သူများက မင်းကောင်းမင်းမြတ်ဖြစ်မည့်သူများကို ရွေးကောက်တင်မြှောက်ပေးရန် အထူးလိုအပ်သည်။

မင်းသည် တိုင်းပြည်ကို ဥပဒေ၊ နည်းဥပဒေများဖြင့် စီမံအုပ်ချုပ်သည်။ ဥပဒေ၊ နည်းဥပဒေအားမလိုက်နာသူများကို ဥပဒေဖြင့် အရေးယူအပြစ်ပေးသည်။ အပြစ်ပေးမခံရစေရန် ဥပဒေကို လေးစားကြရပါမည်။ လိုက်နာကြရမည်။ မကောင်းမှုကို ရှောင်ကြရပါမည်။ ဥပဒေဘောင်အတွင်းနေထိုင်ခြင်းသည် အေးငြိမ်းချမ်းသာရာရမည်ဖြစ်သည်။ ထို့ကြောင့် ရာဇသဆာယာမင်း၏အကာအကွယ်အရိပ်ရစေရန် ဥပဒေနှင့်အညီနေထိုင်အပ်ပေသည်။

❖ လူကောင်းလူတော်တစ်ယောက်ဖြစ်လာရန်မှာ အာစရိယ ဆရာ၏အရိပ်ကို ခိုလှုံရပါမည်။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု အဆိုရှိရာ ကလေးအရွယ်ငယ်စဉ်ကပင် မိဘစကားနားထောင်သူဖြစ်ရပါမည်။ ဤသည်ကို မိဘများက သားသမီးများကို သွန်သင်ရပါမည်။ အသက်ငါးနှစ်ပြည့်ပြီးသောအခါ ကျောင်းစနေပြီဖြစ်သည်။ ထိုအခါ ပညာသင်ကြားသောဆရာများထံရောက်ပြီး နှစ်ပေါင်းများစွာ စာပေပညာ၊ အတတ်ပညာများ သင်ယူရသည်။ ဤတွင် ဆရာ့အရိပ်ခိုလှုံရသည်။ ဆရာ့စကားနားထောင်ရသည်။ လူကြီးဖြစ်၍ အလုပ်ခွင်ဝင်သောအခါ အထက်အကြီးအကဲအောက်တွင် လုပ်ကိုင်ရသည်။ ညွှန်ကြားချက်နာယူရသည်။ ❖

**အာစရိယဆာယာ-ဆရာအရိပ်**

လူကောင်းလူတော်တစ်ယောက်ဖြစ်လာရန်မှာ အာစရိယ ဆရာ၏အရိပ်ကို ခိုလှုံရပါမည်။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖဟု အဆိုရှိရာ ကလေးအရွယ်ငယ်စဉ်ကပင် မိဘစကားနားထောင်သူဖြစ်ရပါမည်။ ဤသည်ကို မိဘများက သားသမီးများကို သွန်သင်ရပါမည်။

အသက်ငါးနှစ်ပြည့်ပြီးသောအခါ ကျောင်းစနေပြီဖြစ်သည်။ ထိုအခါ ပညာသင်ကြားသော ဆရာများထံရောက်ပြီး နှစ်ပေါင်းများစွာ စာပေပညာ၊ အတတ်ပညာများ သင်ယူရသည်။ ဤတွင် ဆရာ့အရိပ်ခိုလှုံရသည်။ ဆရာ့စကားနားထောင်ရသည်။ လူကြီးဖြစ်၍ အလုပ်ခွင်ဝင်သောအခါ အထက်အကြီးအကဲအောက်တွင် လုပ်ကိုင်ရသည်။ ညွှန်ကြားချက် နာယူရသည်။ လုပ်ငန်းခွင်သင်တန်းများတက်ရသည်။ သို့ဖြင့် လူ့ဘဝတွင် အာစရိယဆာယာနှင့် လုံးဝမကင်းဟုဆိုရပါမည်။

ဆရာသည် ဆရာ့ဝတ်ငါးပါးနှင့်အညီ သင်ကြားပေးသည်။ ဆရာ့စကားလေးစားလိုက်နာသူ ဆရာ့အရိပ်ကို ကောင်းစွာခိုလှုံသူသည် လူကောင်းလူတော်ဖြစ်ရသည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ရသည်။ လောကတွင် ကြီးပွားတိုးတက်ရသည်။

ထို့ကြောင့် လောကတွင် လူတို့သည် ဆရာကောင်း၊ ဆရာမြတ်များ၏ အရိပ်တည်းဟူသော လမ်းညွှန်ချက်၊ ဆုံးမချက်များကို ရယူခိုလှုံအပ်ပေသည်။ ဆရာဓာင်မကြည့်ရှုမစမှုခံရလျှင် မလွဲမသွေကြီးပွားစေမည်ဖြစ်သည်ကို လက်တွေ့ဘဝများက သင်ခန်းစာပင်ဖြစ်သည်။

**ဗုဒ္ဓသဆာယာ-ဘုရားအရိပ်**

အရိပ်ငါးငါးတွင် အကြီးမြတ်ဆုံးသောအရိပ်ဖြစ်သည်။ လောကီကြီးပွားချမ်းသာကို အလိုရှိသလား ဘုရားအရိပ်ကို ခိုလှုံပါ။ လောကုတ္တရာကြီးပွားချမ်းသာဖြစ်သော လူ၊ နတ်၊ ဗြဟ္မာ၊ နိဗ္ဗာန်ချမ်းသာတို့ကို ခံစားလိုပါသလား ဘုရားအရိပ်ကိုခိုလှုံပါ။

ဘုရားအရိပ်ကို ခိုလှုံသူသည် မြတ်ဘုရားကို အစဉ်ဦးထိပ်ထားသည်။ ဤသို့ ဘုရားအရိပ်ကို ခိုလှုံစေရန် မိဘများသည် ကလေးငယ်များကို နေ့စဉ်ဘုရားရှိခိုးစေခြင်း၊ ဘုရား၏တရားတော်များကို ကလေးနာယူနိုင်သမျှ ပြောပြခြင်း၊ ရွတ်ဆိုပြခြင်း၊ ရွတ်ဆိုစေခြင်းကိုပြုစေရပါမည်။

ကျောင်းသားအရွယ်ရောက်သောအခါ ဆရာများက ဘုရားဝတ်ပြုစေခြင်း၊ ပန်း၊ ဆီမီးကပ်လှူစေခြင်း၊ ဘုရားတရားတော်များကို အရွယ်အလိုက်နားလည်စေရန် ရှင်းပြခြင်းပြုကြရမည်။ သို့ဖြင့် လူကောင်းများ လူတော်များဖြစ်ထွန်းပေါ်ပေါက်လာမည်။

လူကြီးအရွယ်အသက် ၁၆ နှစ်ကျော်သောအခါ မဖြစ်မနေလိုက်နာရမည့် တရားများရှိပါသည်။ ဤသည်တို့ကား ပထမ ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာမြဲရေးပင်ဖြစ်သည်။ ဒုတိယမင်္ဂလာတရား ၃၈ ပါးနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင်ရေးပင်ဖြစ်သည်။ တတိယမြဲရမည့်လူ့ကျင့်ဝတ်မှာ မြတ်ဘုရား၏ သိင်္ဂါလောဝါဒသုတ်လာ တရားတော်များဖြစ်သည်။ ဤသုံးပါးသောတရားတော်များ ကျင့်ကြံအားထုတ်ခြင်းသည် ဘုရားအရိပ်ခိုလှုံခြင်းပင်ဖြစ်သည်။ ဤဘုရားအရိပ်၏ဂုဏ်ကျေးဇူးတော်ကြောင့် လူ့ဘဝတွင် လူကောင်းလူတော်လူမော်ဖြစ်မည်မှာ မုချဖြစ်သည်။

နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်အလို့ငှာ တစ်ခုတည်းသောကျင့်စဉ်မှာ သတိပဋ္ဌာန်လမ်းစဉ်ပင်ဖြစ်ပေသည်။ ဆုလည်းတောင်းပါ၊ လက်တွေ့လည်းကျင့်ပါ။ သို့မှသာ နိဗ္ဗာန်သို့ရောက်မည်ဖြစ်သည်။

ဖော်ပြပါ အရိပ်ငါးပါးသည် လူတို့ခိုလှုံရမည့်အရိပ်များဖြစ်ကြသည်။ ကောင်းစွာခိုလှုံသူတို့ ကောင်းကျိုးချမ်းသာအဖြာဖြာကို ခံစားကြရပြီး သံသရာစခန်းသွားရာလမ်းတွင်လည်း လူ၊ နတ်၊ ဗြဟ္မာ နိဗ္ဗာန်တည်းဟူသော ကောင်းကျိုးတရားများ ခံစားစံစားကြရမည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

# ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၂၁၂၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ မော်တင်အငူအနီး ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၂၁၂၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ စက်တင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၁၀၂၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး အောက်တိုဘာလတွင် ခရီးသွားဧည့်သည် ၂၁၂၅၅ ဦးထိ လာရောက် လည်ပတ်ခဲ့ကြောင်း သိရသည်။

"ငွေတောင်ကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ မြတ်မော်တင်စွန်းစေတီကို လာရောက်ဖူးမြော်ရင်း လာတဲ့ဧည့်သည်တွေ ပိုများပါတယ်။ ခရီးသွားဧည့်သည်တွေ အလာများတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့အလုပ်အကိုင်တွေ အဆင်ပြေတာတွေ့ရပါတယ်။ အောက်တိုဘာလအတွင်း လာရောက်လည်ပတ်ခဲ့တဲ့ဧည့်သည်တွေထဲမှာ ရန်ကုန်ဘက်ကပိုများပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

အဆိုပါ ငွေတောင်ကမ်းခြေကို လာရောက်လည်ပတ် အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ပြည်တွင်းခရီးသွားဧည့်သည်များ အများဆုံး လာရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ဒဏ်ကုန်းသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ဒဏ်ကုန်းသစ်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများကို စနစ်တကျ ဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများ ပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထားပေးဆပ်စေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက ဒဏ်ကုန်းသစ်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွံ့ယဉ်**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၄၈၅ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၄၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၆၈၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၂၁၄၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မိုးစပါးဧက ၂၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးသီးနှံစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာစေရန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

# ဝါးခယ်မမြို့နယ် အုတ်ကျင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဝါးခယ်မ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အုတ်ကျင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက အုတ်ကျင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဝါးခယ်မမြို့နယ် အုတ်ကျင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားသဖြင့် အုတ်ကျင်းကျေးရွာရှိ အိမ်ခြေ ၁၂၇ အိမ်၊ လူဦးရေ ၅၆၀ နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သံသာ**

# ညောင်ရွှေမြို့နယ် မြေဖြူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် တိလောစခန်းကြီးကျေးရွာအုပ်စု မြေဖြူကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မူစီက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များနှင့် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြေဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုင်(မလှိုင်)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ခရီးသွားဆောင်းပါး

# ခေတ္တကွန်းခို မြို့ကျိုက်ထို ဖူးခွင့်ရပြီ ညီနောင်စေတီ

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက် သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ ပူပူနွေးနွေးထွက်ခဲ့တဲ့ ခရီးစဉ်က မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ထဲမှာရှိတဲ့ ကျိုက်ထီးရိုး၊ သာမည၊ ကျိုက္ခမီ၊ စက်စဲ၊ မော်လမြိုင်၊ ဘီလူးကျွန်းဒေသတွေပါ။ အပြန်ခရီးမှာ ပဲခူးမြို့ကိုဝင်ပြီး ရွှေမော်ဓောဘုရားကို ဝင်ရောက်ဖူးမြော်ခဲ့ကြသေးတယ်။ ဒီခရီးစဉ်မှာ အဓိကသွားချင်တဲ့ဒေသက ဘီလူးကျွန်းဖြစ်ပြီး မြန်မာနိုင်ငံမှာ သာမက ကမ္ဘာထိ အောင်မြင်ကျော်ကြားတဲ့ ဆေးတံလုပ်ငန်းတွေ၊ ကျောက်သင်ပုန်းလုပ်ငန်းတွေ စတဲ့ မြန်မာ့လက်မှုပညာရပ်တွေကို လေ့လာသိရှိကြည့်မြင်လိုခြင်းဖြစ်ပါတယ်။

ခရီးစဉ်အနေအထားအရ ရက်ရှည်မဲ့အပြင် အသွားအပြန် မိုင်ထောင်နဲ့ချီ မောင်းနှင်ရမှာဖြစ်လို့ ခရီးမထွက်ခင်ပထမဦးဆုံး ကြိုတင်ပြင်ဆင်ရတာက မိမိရဲ့ခွေးဘီလူးကားလေးကို ကောင်းမွန်ကြံ့ခိုင်အောင် လုပ်ဆောင်ရတာပါ။ ကားကိုစစ်ဆေးပြင်ဆင်မှုတွေ လုပ်တယ်ဆိုတာ ကုန်ကျစရိတ်တွေရှိနေပေမဲ့ လမ်းခရီးမှာ ကားပျက်တာကြောင့် ဒုက္ခရောက်ရတာတွေ၊ ပင်ပန်းမှုတွေ၊ စိတ်သောကတွေနဲ့ နှိုင်းယှဉ်ရင် ကားပြင်ဆင်ခဲ့တဲ့ ကုန်ကျစရိတ်ငွေတွေက ဘာမှမဟုတ်တော့ပါဘူး။ ကုန်ကျငွေထက် ခရီးလမ်းတစ်လျှောက် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ ပျော်ပျော်ရွှင်ရွှင်အဆင်ပြေနေမှုက အဓိကသာဖြစ်ပါတယ်။

သတ်မှတ်ရက်မှာ ခရီးဖော်တွေအဖြစ် အသက် ၇၇ နှစ်ထဲကို ဝင်ရောက်သွားပြီဖြစ်တဲ့ သမဝါယမကောလိပ်က အငြိမ်းစားကထိက ဆရာကြီး ဦးတင်မောင်ဝင်း၊ အသက် ၇၅ နှစ်အရွယ် စက်မှုလယ်ယာဌာနက အငြိမ်းစားကြီးဦးစန်းမောင်၊ မိမိရဲ့ကျောင်းနေဖက် ငယ်သူငယ်ချင်း ကိုသိန်းဝင်းနဲ့အတူ လေးယောက်သား မနက်စောစောကတည်းက ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။ အရင်ခရီးစဉ်တွေတုန်းက လိုက်ပါခဲ့ကြတဲ့ အသက် ၈၃ နှစ်နဲ့ ၈၀ အရွယ်ခရီးဖော်တွေက ခရီးကလဲဝေး၊ ကျန်းမာရေးအခြေအနေတွေကလဲ အနည်းငယ်မကောင်းတာကြောင့် လိုက်ပါနိုင်ခြင်းမရှိကြပါဘူး။

ခရီးစဉ်အရ ရန်ကုန်-မန္တလေး အမြန်လမ်းကနေ ဘုရားကြီးလမ်းခွဲထိ၊ ဘုရားကြီးလမ်းခွဲကနေ ကျိုက်ထိုမြို့ကို ဆက်လက်မောင်းနှင်ကြပြီး ကျိုက်ထိုမြို့မှာ တစ်ညအိပ်နားနေပြီးမှ နောက်တစ်နေ့မနက် ကျိုက်ထီးရိုးဘုရားကို တက်ရောက်ကြဖို့စီစဉ်ထားခဲ့တယ်။ ဒါကြောင့် ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ခွာလာပြီး ထုံးဘို-မြစ်ငယ်ဖြတ်လမ်း၊ ပလိပ်လေယာဉ်ကွင်း လမ်းခွဲတွေကနေတစ်ဆင့် အမြန်လမ်းမကြီးပေါ်ကို တက်ရောက်လာကြတယ်။ မိတ္ထီလာကိုရောက်တဲ့အခါ အချိန်စောနေသေးလို့ နေ့လယ်စာထမင်းမစားကြသေးဘဲ နေပြည်တော်အနားဝန်းကျင်ရောက်မှ ကားနားရင်း စားသောက်ကြရတယ်။ ဒီလိုစားသောက်ကြတဲ့အခါ ကားရပ်နားစခန်းမှာရှိတဲ့ ဆိုင်ကြီးတွေမှာ မစားကြဘဲ လမ်းဘေးတစ်လျှောက် ဖွင့်လှစ်ရောင်းချနေတဲ့အိမ်ဆိုင်လေးတွေထဲက ကောင်းနိုးရာရာဆိုင်ကို ရွေးချယ်စားသောက်လိုက်ကြတယ်။ လမ်းဘေးအိမ်ဆိုင်လေးတွေမှာ စားသောက်ကြရတာကလဲ ကံစမ်းမဲထိုးရသလိုပါ။ တစ်ခါတလေ အဆင်ပြေပြေနဲ့ စားသောက်လို့ကောင်းပြီး တစ်ခါတစ်ရံ အဆင်မပြေဖြစ်ကြရတယ်။ အခုတစ်ခေါက် စားသောက်တဲ့ဆိုင်လေးက အလွန်ကောင်းတာမျိုးလဲမဟုတ်၊ အလွန်ညံ့တာမျိုးလဲမဟုတ်ဘဲ သာမန်အသင့်အတင့် စားကောင်းတဲ့ဆိုင်လေးဖြစ်နေတယ်။

ထမင်းစားသောက်ပြီးတာနဲ့ ကျိုက်ထိုမြို့မှာ နေထိုင်တဲ့ မိတ်ဆွေတစ်ယောက်ဆီကို သင့်တော်တဲ့ ဟိုတယ်ဖြစ်ဖြစ်၊ တည်းခိုခန်းဖြစ်ဖြစ် တစ်ခုခုမှာ ကြိုတင်အခန်းယူထားဖို့ ဖုန်းဆက်လိုက်တဲ့အခါ ကျိုက်ထီးရိုးစေတီကိုဖူးဖို့လဲမဖြစ်နိုင်ကြောင်း၊ ခရီးစဉ်ပြောင်းပြီး အခြားလုံခြုံအေးချမ်းတဲ့နေရာဒေသတစ်ခုခုကို သွားသင့်ကြောင်းပြောလို့ ခေါင်းနားပန်းကြီးသွားခဲ့ရတယ်။ ဒါပေမဲ့ ခရီးစဉ်ကို သေသေချာချာ စနစ်တကျ ပြင်ဆင်ထွက်ခွာလာခဲ့ပြီး နေပြည်တော်ကိုရောက်မှ နောက်ထပ်ခရီးစဉ်အသစ်တစ်ခုကို ထပ်မံပြင်ဆင်မသွားချင်တာနဲ့ ဘားအံမြို့မှာရှိတဲ့ အသိမိတ်ဆွေတစ်ယောက်ဆီကို အကျိုးအကြောင်းပြောပြပြီး ထပ်မံဆက်သွယ်ဖုန်းဆက်ရပြန်တယ်။ ဘားအံမြို့က မိတ်ဆွေက လာသာလာခဲ့ကြပါ၊ နယ်မြေအေးချမ်းမှုရှိပြီး လုံခြုံစိတ်ချရတယ်၊ ဘာမှမဖြစ်စေရဘူးဆိုပြီး ဖိတ်ခေါ်မှုကြောင့် ဝမ်းသာအားတက်သွားခဲ့ရတယ်။

မကြာခင်တစ်ဆက်တည်းမှာပဲ ဘားအံမြို့နယ် သာမညမှာနေထိုင်တဲ့ မိတ်ဆွေတစ်ယောက်က မိမိတို့အဖွဲ့ ဒီနေ့ဒီရက်ဒီအချိန်မှာ လာရောက်ကြမယ်ဆို




တာကို ကြိုတင်သိရှိထားလို့ ဘယ်နေရာကိုရောက်နေကြပြီလဲ၊ ကျိုက်ထိုမြို့ကိုလာမယ်ဆိုရင် ဘုရားကြီးလမ်းခွဲထိမသွားဘဲ (၇၂) မိုင်ဒိုက်ဦးလမ်းခွဲအတိုင်း လာကြဖို့နဲ့ နောက်တစ်နေ့ ကျိုက်ထီးရိုးစေတီကိုဖူးပြီးရင် သာမညမှာ တစ်ညဝင်အိပ်နားနေကြဖို့၊ စားဖို့သောက်ဖို့၊ တည်းခိုအိပ်စက်ကြဖို့ အားလုံးပြင်ဆင်ထားပြီးပြီဆိုတာကို ဖုန်းနဲ့ဆက်သွယ်အကြောင်းကြားလာတာကြောင့် ပိုမိုအားတက်ဝမ်းသာပျော်ရွှင်သွားခဲ့ရတယ်။ ခရီးဖော်အားလုံးကလည်း ဘာပဲဖြစ်ဖြစ် ခရီးစဉ်ကို အပျက်မခံဘဲ မရောက်ရောက်အောင်သွားကြမယ်လို့ ဆုံးဖြတ်တိုင်ပင်ထားလိုက်ကြတယ်။

ခရီးလမ်းကြောင်းအခြေအနေကို သိရှိပြီးတာနဲ့ နေပြည်တော်ကနေ ပြန်လည်ထွက်ခွာလာကြပြီး (၇၂) မိုင်ဒိုက်ဦးလမ်းခွဲရှိရာကို ဆက်လက်ဦးတည်မောင်းနှင်လာခဲ့တယ်။ အမြန်လမ်းမကြီးတစ်လျှောက်လုံးမှာ ခရီးသည်တင်လေအိတ်ကားကြီးတွေနဲ့အတူ အိမ်စီးကားငယ်တွေအများအပြား ဥဒဟိုသွားလာနေကြတာကို မြင်တွေ့နေရတာကြောင့် စိုးရိမ်ပူပန်စိတ်တွေ လျော့နည်းပပျောက်ကုန်တော့တယ်။ မိုင်တိုင်အမှတ် (၇၂) ကိုရောက်တာနဲ့ ဒိုက်ဦးလမ်းခွဲအတိုင်း ချိုးကွေ့မောင်းလာခဲ့ပြီး ဒိုက်ဦးမြို့ကိုညနေ ၃ နာရီကျော်မှာ ရောက်ရှိလာကြတယ်။ နေပြည်တော်ကနေ ဒိုက်ဦးမြို့ထိ ခရီးမိုင်ရှည်လျားပြီး ကားမောင်းချိန်ကြာမြင့်ခဲ့လို့ ဒိုက်ဦးမြို့မှာကားနားရင်း၊ လူနားရင်း လက်ဖက်ရည်သောက်ကြပြီးမှ ဒိုက်ဦး-စစ်တောင်းလမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့တာ မကြာခင်မှာ စစ်တောင်းတံတား(မုပ္ပလင်)ကို ရောက်လာခဲ့ကြတယ်။ စစ်တောင်းမြစ်ပြင်ကျယ်ကြီးထဲမှာ ရေတွေအပြည့်နဲ့ တံငါလှေလေးတွေ၊ စက်တပ်လှေကြီးတွေကို ဟိုတစ်စီး ဒီတစ်စီး၊ ဟိုတစ်ခု ဒီတစ်ခု တွေ့မြင်နေရတယ်။ ရာသီဥတုအခြေအနေကလဲ ကောင်းကောင်းမွန်မွန် သာသာယာယာပါ။ ဒီလိုခရီးတွေထွက်ကြတဲ့အခါ ဆိုးရွားတဲ့ရာသီဥတုအခြေအနေတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာမရှိဘဲ ရာသီဥတုကြည်လင်သာယာနေတာကလဲ ခရီးလမ်းဖြောင့်ဖြူးရေးကို များစွာအထောက်အကူပြုတဲ့ ကံကောင်းခြင်းလက်ဆောင်တစ်ခုဖြစ်ပါတယ်။

စစ်တောင်းတံတား(မုပ္ပလင်)နဲ့ ကျိုက်ထိုမြို့က (၂၀) မိုင်သာ ဝေးကွာနေတာကြောင့် ကျိုက်ထိုမြို့ရောက်တဲ့ထိ ခရီးကြာကြာမောင်းနှင်ရတော့မှာမဟုတ်ပါဘူး။ ဒ့ါပြင် လမ်းတွေက ကျယ်ဝန်းကောင်းမွန်နေလို့ ပိုမိုခရီးတွင်နိုင်ပါတယ်။ ဒိုက်ဦး-စစ်တောင်းလမ်းတစ်လျှောက်လုံး အခက်အခဲမရှိ အဆင်ပြေပြေမောင်းနှင်လာနိုင်ခဲ့ပြီး ညောင်ခါးရှည်စစ်ဆေးရေးဂိတ်မှာ တစ်ခဏတာ အစစ်ဆေး၊ အမေးမြန်းခံကြရတယ်။ ဒါပေမဲ့ မိမိတို့ခရီးဖော်အဖွဲ့မှာ အသက်အရွယ်ကြီးနေသူတွေသာဖြစ်လို့ အငြိမ်းစားတွေပါ၊ ဘုရားဝေါပကလူကြီးတွေပါ၊ ဘုရားဖူးထွက်လာကြတာပါဆိုတာလောက် ပြောပြလိုက်တာနဲ့ ချောချောမွေ့မွေ့ဖြတ်သန်းသွားလာခွင့်ရခဲ့ကြတယ်။ လမ်းတစ်လျှောက်ဝဲ၊ယာမှာရှိတဲ့ လယ်ကွင်းတွေ၊ ဥယျာဉ်ခြံကြီးတွေ၊ မြစ်တွေ၊ ချောင်းတွေကို လေ့လာကြည့်ရှုမောင်းနှင်လာရင်း ကျိုက်ထိုမြို့ကို ရောက်ရှိလာကြတယ်။

ကျိုက်ထိုမြို့ကိုရောက်တော့ ညနေ ၄ နာရီကျော် ၅ နာရီခန့်သာ ရှိနေသေးလို့ မြို့အဝင်ဆိုင်းဘုတ်မှာ မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ခဲ့ကြပြီးမှ မြို့ထဲကို ဝင်ရောက်လာခဲ့ကြတယ်။ မြို့ခံမိတ်ဆွေတစ်ယောက်က ခရီးစဉ်ပြောင်းပါဆိုပြီး နေ့လယ်စာထမင်းစားချိန်မှာ ပြောဆိုအကြောင်းကြားတာကြောင့် ဘယ်နေရာမှာဘာဖြစ်မလဲ၊ ဘာတွေနဲ့ရင်ဆိုင်ကြုံတွေ့ဒုက္ခအခက်အခဲတွေဖြစ်မလဲဆိုတာတွေကို တွေးတောပူပန်လိုက်မိပေမဲ့ ကျိုက်ထိုမြို့တစ်မြို့လုံး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ သွားလာလှုပ်ရှားနေကြတဲ့မြင်ကွင်းတွေကို တွေ့နေရလို့ စိတ်သက်သာသွားခဲ့ရတယ်။

ခရီးဖော်တစ်ယောက်ချင်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် အိပ်စက်အနားယူနိုင်မဲ့ တစ်ယောက်ခန်းလေးခန်းရတဲ့ ဟိုတယ်နဲ့တည်းခိုခန်းတွေကို လိုက်လံစုံစမ်းရှာဖွေပြီး သင့်တော်တဲ့အအေးခန်းတည်းခိုရိပ်သာတစ်ခုမှာ တည်းခိုလိုက်ကြတယ်။ တည်းခိုခန်းက အပေါ်ထပ်မှာ အိပ်လို့ရပြီး အောက်ထပ်မှာ တရုတ်အစားအစာ ဟင်းလျာမျိုးစုံကို မှာယူစားသောက်လို့ရတာကြောင့် အဆင်ပြေနေတယ်။ ဒါပေမဲ့ ည ၇ နာရီအချိန်မှာ ဆိုင်ပိတ်တယ်ဆိုလို့ စားသောက်ကြမဲ့ ဟင်းလျာတွေကို ကြိုတင်မှာထားပြီးမှ ရေချိုး၊ အဝတ်အစားလဲကြကာ အောက်ထပ်ကိုဆင်းပြီး စားသောက်ကြရတယ်။ သူတို့ပြောပြထားတဲ့အတိုင်း ည ၇ နာရီမှာ ဆိုင်တွေအားလုံးပိတ်နေကြပြီး တစ်မြို့လုံးမှာ အသွားအလာမရှိသလောက် ရှင်းလင်းနေတာကိုတွေ့မြင်နေရတယ်။ မိမိတို့အနေနဲ့ အပေါ်ထပ်နဲ့အောက်ထပ်တစ်နေရာတည်းမှာ အိပ်စက်၊ စားသောက်လို့ရတဲ့နေရာကို ရွေးချယ်တည်းခိုခဲ့တာ မှန်ကန်ခဲ့တယ်။ အိပ်တဲ့နေရာက တစ်နေရာ၊ စားတဲ့နေရာက တစ်နေရာဆိုရင် ဒီညအတွက်ထမင်းစားကြဖို့ အဆင်ပြေတော့မှာမဟုတ်ပါဘူး။ အခု တံခါးတွေအားလုံးပိတ်ထားလိုက်ပြီဖြစ်တဲ့ စားသောက်ဆိုင်ထဲမှာ စားသောက်ပြီးကြတာနဲ့ အပေါ်ထပ်တက်ပြီး အိပ်စက်ကြလိုက်ရုံပါ။ ထမင်းစားသောက်ပြီး ည ၈ နာရီထိုးတဲ့အချိန်မှာ တစ်မြို့လုံးအပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတာကို သတိထားလိုက်မိတယ်။ လမ်းတွေပေါ်မှာ အသွားအလာလုံးဝမရှိကြတော့ပါဘူး။

ဒါပေမဲ့ မနက် ၄ နာရီထိုးတာနဲ့ တစ်ပြိုင်နက် ကားကြီး၊ ကားငယ်တွေ၊ သုံးဘီးတွေ၊ ဆိုင်ကယ်တွေ တဝေါဝေါနဲ့ သွားလာသံတွေကို အဆက်မပြတ်ကြားကြရပြီး အိပ်ရာကနေ နိုးလာခဲ့ရတယ်။ တည်းခိုခန်းက ကျိုက်ထို-သထုံ-မော်လမြိုင် ကားလမ်းမကြီးဘေးမှာ ရှိနေလို့ အသွားအလာပိုများနေတယ်။ အဓိကသွားလာနေကြတာက ကုန်တင်ကားကြီးတွေပါ။ သုံးဘီးတွေ၊ ဆိုင်ကယ်တွေက ဈေးသည်တွေများတယ်။ တစ်ယောက်တစ်ခန်းစီနဲ့ တစ်ညလုံး လွတ်လွတ်လပ်လပ်၊ အိပ်ရေးဝဝအိပ်စက်ပြီးပြီဖြစ်လို့ ဆက်လက်မအိပ်ကြတော့ဘဲ မျက်နှာသစ်၊ အဝတ်အစားလဲကြပြီး လမ်းလျှောက်ကြဖို့ စီစဉ်လိုက်ကြတယ်။ အိပ်ရာထဲမှာ ဆက်အိပ်နေကြရင်လဲ နီးကပ်ဆူညံလှတဲ့ကားကြီးသံတွေ၊ ဆိုင်ကယ်သံတွေကြောင့် အိပ်လို့ရမှာမဟုတ်တော့ပါဘူး။

တည်းခိုခန်းကနေ ဆင်းလာပြီး လမ်းမပေါ်ရောက်တာနဲ့ တစ်စီးပြီးတစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းနှင်နေကြတဲ့ ကုန်တင်ကားကြီးတွေကြောင့် လမ်းကောင်းကောင်းလျှောက်လို့မရတော့ဘဲ စောစောစီးစီး ဖွင့်လှစ်ရောင်းချနေပြီဖြစ်တဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲကို ဝင်လိုက်ကြရတယ်။ လက်ဖက်ရည်ဆိုင်က အီကြာကွေး၊ စမူဆာ၊ ပဲပြုတ်နံပြား စတာတွေကို အဓိကထားရောင်းချတဲ့ ဆိုင်ကြီးတစ်ဆိုင်ပါ။ လက်ဖက်ရည်သောက်နေတုန်း ဈေးသည်တွေဖြစ်တဲ့ သုံးဘီးတွေ၊ ဆိုင်ကယ်တွေ တဖွဲဖွဲရောက်ရှိလာကြပြီး အထုပ်လိုက်၊ အတွဲလိုက် အဆင်သင့်ပြုလုပ်ပြင်ဆင်ပေးထားတဲ့ အီကြာကွေးထုပ်တွေ၊ စမူဆာထုပ်တွေ၊ ပဲပြုတ်နံပြားထုပ်တွေကို ယူဆောင်ထွက်ခွာသွားကြတယ်။ တစ်ညလုံး တိတ်ဆိတ်ငြိမ်သက်နေသလောက် မနက် ၄ နာရီထိုးတာနဲ့ ကားကြီးသံတွေ၊ ဆိုင်ကယ်သံတွေ၊ ဈေးရောင်းဈေးဝယ်တွေရဲ့ အော်သံဟစ်သံတွေနဲ့ ကျိုက်ထိုမြို့ မနက်စောစောက ဆူညံနေတော့တာပါ။

လက်ဖက်ရည်သောက်ပြီး ဆိုင်ထဲကနေ ပြန်ထွက်လာတဲ့အချိန်က မိုးစင်စင်မလင်းသေးပါဘူး။ ဒါကြောင့် တည်းခိုခန်းအနီး လမ်းဘေးတစ်နေရာမှာ မီးရောင်တထိန်ထိန် ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့နေရတဲ့စေတီတော်ကြီးနှစ်ဆူရှိရာကို ဦးတည်လျှောက်လာခဲ့ကြတယ်။ စေတီတော်တွေအနီးမှာ သပ်ရပ်ကျယ်ဝန်းတဲ့ ကွန်ကရစ်ခင်းလမ်းရှိနေလို့ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေကြသူတွေ၊ လေ့ကျင့်ခန်းလုပ်နေကြသူတွေ၊ စေတီတော်တွေရှေ့မှာ ရှိခိုးကန်တော့နေကြသူတွေကို တွေ့မြင်နေရတယ်။ ဒ့ါပြင် စေတီတော်တွေရဲ့ကပ်လျက်မှာလဲ ငါးဖမ်းစက်လှေတွေ ဆိုက်ကပ်ထားတဲ့ ချောင်းကြီးတစ်ချောင်းကို မြင်တွေ့နေရလို့ လမ်းလျှောက်နေသူ မြို့ခံတစ်ယောက်ကို မေးမြန်းစုံစမ်းကြည့်တော့ ချောင်းက ကျိုက်ထိုချောင်းမကြီးဖြစ်ကြောင်းနဲ့ စေတီတော်နှစ်ဆူက ဖောင်တော်ဦးညီနောင် စေတီနှစ်ဆူဖြစ်ကြောင်း သိလိုက်ရတယ်။ ကျိုက်ထိုမြို့မှာ ခေတ္တကွန်းခိုတည်းခိုနေတုန်း ကျိုက်ထီးရိုးစေတီကို မဖူးမြော်ရသေးခင် ဖောင်တော်ဦးညီနောင်စေတီနှစ်ဆူကို ဦးဦးဖျားဖျား စတင်ဖူးမြော်ခွင့်ရရှိကြပါပြီ။

# ဥရောပတိုက်အနောက်ဘက်ပိုင်းနိုင်ငံများ၌ စီအာရန်မုန်တိုင်းကြောင့် လူခြောက်ဦးထက်မနည်းသေဆုံး



**ပဲရစ် နိုဝင်ဘာ ၃**

စီအာရန်ဟု အမည်ပေးထားသော မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် နိုဝင်ဘာ ၂ ရက်တွင် ဥရောပတိုက်အနောက်ဘက်ပိုင်းနိုင်ငံများ၌ လူခြောက်ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စီအာရန်မုန်တိုင်းသည် စပိန်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သို့ အဓိက တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် စာသင်ကျောင်းများကို ယာယီပိတ်ထားရသကဲ့သို့ လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ သေဆုံးသူခြောက်ဦးမှာ ပြင်သစ်နိုင်ငံမှ နှစ်ဦး၊ ဘယ်လ်ဂျီယံနိုင်ငံမှ နှစ်ဦး၊ နယ်သာလန်နိုင်ငံမှ တစ်ဦးနှင့် စပိန်နိုင်ငံမှတစ်ဦးဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံမှ သေဆုံးသူနှစ်ဦးမှာ လီဟက်ရီနယ်မြေမှဖြစ်ပြီး စပိန်နိုင်ငံမှ သေဆုံးသူတစ်ဦးမှာ မက်ဒရစ်မြို့တွင် မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့ လဲကျရာမှ ပိမိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံမှ သေဆုံးသူနှစ်ဦးမှာ ဂျာမနီနိုင်ငံသားများဖြစ်ပြီး ဂျန့်မြို့သို့ လာရောက်လည်ပတ်စဉ် သစ်ပင်ကြီးလဲကျမှုကြောင့် ထိခိုက်မိကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံမှ သေဆုံးသူတစ်ဦးမှာ လင်ဘတ်စီရင်စုတောင်ပိုင်း ဇန့်ရွှေးဒေသမှဖြစ်ပြီး သစ်ပင်ပိမိ၍သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စီအာရန် မုန်တိုင်းကြောင့် ပြင်သစ်နိုင်ငံတွင် လျှပ်စစ်မီးပြတ်တောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် နေအိမ် ၁ ဒသမ ၂ သန်းထိ ရှိနေပြီး စီအာရန်မုန်တိုင်းသည် ပြင်သစ်နိုင်ငံကို ဇဟိုပြု၍ တိုက်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ပြင်သစ်နိုင်ငံ ဖင်နစ္စတီနယ်မြေ၊ ဘရစ်တနေနယ်မြေတို့တွင် လေတိုက်နှုန်းမှာ တစ်နာရီ ၁၂၉ မိုင်နှုန်းထိ မြင့်တက်နေကြောင်း၊ ထို့ပြင် ပြင်သစ်နိုင်ငံ ကမ်းခြေဒေသများတွင် လှိုင်းလုံးကြီးများ မြင့်တက်နေပြီး လှိုင်းလုံးအမြင့်မှာ မီတာ ၂၀ ထိ မြင့်တက်နေကြောင်း ပြင်သစ်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၃**

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်၌သာ ရှိနေစေရေးအတွက် ကုလသမဂ္ဂက ဦးဆောင်၍ ဆောင်ရွက်နေသော်လည်း ကမ္ဘာကြီးပူနွေးမှုသည် ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိလာဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မကြာမီ ဒူဘိုင်းတွင် ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ (COP28) ၌ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်မှုကို တားမြစ်သွားရေးအတွက် အလေးထားဆွေးနွေးသွားသင့်ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာကြီးပူနွေးမှုပမာဏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကို ရောက်ရှိလာဖို့က နီးစပ်နေပြီဖြစ်ပါတယ်။ COP28 ညီလာခံမှာ ဒီအချက်ကို ဦးစားပေးဆွေးနွေးသွားသင့်တယ်။ ကမ္ဘာကြီးပူနွေးမှု ထိန်းချုပ်ရေး စီမံချက်တွေကို ဆောင်ရွက်ရာမှာ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ နိုင်ငံရေးကိစ္စတွေရောယှက်လာတဲ့အတွက်ကြောင့် စီမံချက်တွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်လာနိုင်ခြင်းမရှိတာပါ" ဟု ကိုလံဘီယာတက္ကသိုလ်သုတေသီများအဖွဲ့မှ သုတေသီ ဂျိမ်းဟန်ဆင်က ပြောကြားခဲ့သည်။



ကမ္ဘာ့နိုင်ငံများသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလက်အောက်ရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(IP-CC)က ချမှတ်ပေးထားသော စီမံချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အတွက် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်တက်ကာ ကမ္ဘာကြီးပူနွေးမှုမှာလည်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်နိုင်ငံက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်များကို မကြာမီ ထုတ်ပြန်သွားမည်

**ပေကျင်း နိုဝင်ဘာ ၃**

တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်သော မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး စီမံချက်များကို မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုစုစုပေါင်း ပမာဏ၏ ၁၄ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှဖြစ်ပြီး မီသိန်းဓာတ်ငွေ့သည် အသားထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေသည့် မွေးမြူရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများနှင့် လောင်စာတူးဖော်ရေးလုပ်ငန်းများမှ အလိုအလျောက်ထွက်ပေါ်နေသည့် ဓာတ်ငွေ့အမျိုးအစားဖြစ်ကြောင်း၊ အထူးသဖြင့် မွေးမြူရေးလုပ်ငန်းများမှ ထုတ်လွှတ်မှုအများဆုံးဖြစ်ပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရန် စီစဉ်လာခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု၏ ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေးအတွက် အလေးထားဆောင်ရွက်နေသည်ဟု တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတိုင်း မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းတွေဆောင်ရွက်လာဖို့ မျှော်လင့်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ စီမံချက်တွေရေးဆွဲရာမှာ နိုင်ငံရေးကဏ္ဍနဲ့ ဆက်နွှယ်နေတဲ့အတွက် လုပ်ရကိုင်ရခက်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အခုလို မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ အရှိန်မြှင့်တင်လာတာဟာ သတင်းကောင်းပါပဲ။ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးစီမံချက်တွေကိုလဲ မကြာခင် တရားဝင်ထုတ်ပြန်မယ်လို့သိရတဲ့အတွက် ဝမ်းသာပါတယ်"ဟု ကမ္ဘာ့မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး အဖွဲ့အစည်းဖြစ်သည့် Global Methane Hub ၏ ဥက္ကဋ္ဌ မာဆယ်လိုက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# တနင်္ဂနွေနေ့ည အမှတ်ပေးပြိုင်ပွဲတွေထဲက ကစားပုံတည်ငြိမ်မှုရှိနေတဲ့ အေဗီလာအသင်း၊ ဝုဖ်ဘတ်အသင်း၊ အလာဗက်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML




တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ အသင်းကြီး ထိပ်တိုက်တွေ့ဆုံမှုနည်းပေမဲ့ ရမှတ်လိုအပ်နေတဲ့ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ ကြားရက်မှာတော့ ဖလားပြိုင်ပွဲတွေ ကစားခဲ့ရတာကြောင့် အသင်းအများစုဟာ ပွဲပန်းမှုရှိနေမှာဖြစ်ပေမဲ့ အရန်ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကတော့ အဓိက ကစားသမားတွေကိုအနားပေးခဲ့ပြီး အမှတ်ပေးပြိုင်ပွဲအတွက် အာရုံစိုက်နေတာကိုသတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေမှာရမှတ်လိုအပ်ရှိချက်ရှိနေပြီး လက်ရှိကစားပုံတည်ငြိမ်မှုရှိနေတဲ့ အသင်းတွေကိုပဲ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

**အေဗီလာအသင်း ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁၁)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နော်တင်ဟမ်နဲ့ အေဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းဟာ ပရီးမီးယားလိဂ်မှာ ဆက်လက်ကျန်ရှိဖို့ အစွမ်း ကုန်ကြိုးစားနေတဲ့ အသင်းဖြစ်သလို ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာလဲ အဓိက ကစားသမားတွေ ခေါ်ယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၁၀ မှတ်ပဲရရှိထားပြီး အဆင့်(၁၆)မှာရောက်နေတာကြောင့် တန်းဆင်းဇုန်ဖိအားနဲ့ ရင်ဆိုင်နေရတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်ပိုင်းကတော့ ပွဲတိုင်း ဂိုးရခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲ ငါးပွဲမှာမန်စီးတီး၊ လီဗာပူးတို့ကို ရှုံးခဲ့တာဘာမှမဖြစ်ပေမဲ့ လူတန်၊ ပဲလေ့စ်၊ ဘရန့်ဖို့ဒ်တို့လို ခြေရည်တူအသင်းတွေကို သရေပဲကစားနိုင်ခဲ့တာကြောင့် တန်းဆင်းဇုန်နဲ့နီးကပ်နေပြီး အဆင့်(၁၈)က အသင်းနဲ့ ရမှတ် ငါးမှတ်ပဲ ကွာဟခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ သူတို့အသင်းဟာ အိမ်ကွင်းမှာဂိုးရဖို့ လွယ်နေပေမဲ့ ခံစစ်ပိုင်းကတော့ အမှားတွေရှိနေသေးတာဖြစ်လို့ ဒီအမှားကိုမပြင်နိုင်ရင်တော့ အေဗီလာလိုတိုက်စစ်ကောင်းတဲ့ အသင်းကိုဂိုးပြတ်ရှုံးသွားနိုင်ပါတယ်။

အေဗီလာအသင်းဟာအမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာခုနစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့တာကြောင့် ရမှတ် ၂၂ မှတ်နဲ့ အဆင့်(၅)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒီ့ပြင် အဆင့်(၁)က စပါးအသင်းနဲ့လဲ ရမှတ် လေးမှတ်ပဲ ကွာဟနေတာကြောင့် ဆုဖလားကို စိန်ခေါ်နိုင်စွမ်းရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြအမ်မရီလက်အောက်မှာ ခြေစွမ်းပိုင်း ထက်မြက်လာသလို ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာလဲ လန်ဂလက်၊ ဇန်နီအိုလို၊ ဒီယာဘီ၊ ပါအူတောရက်စ်တို့ကိုခေါ်နိုင်ခဲ့တာကလဲ အသင်းရဲ့ခံစစ်နဲ့ တိုက်စစ်ထက်မြက်လာတာကိုတွေ့မြင်ရမှာပါ။ လက်ရှိမှာတိုက်စစ်မှူးဝက်စ်ကင်းက သွင်းဂိုးငါးဂိုးထိ သွင်းယူထားပြီး ဂိုးသွင်းအများဆုံးဖြစ်နေသလို ဒီယာဘီ၊ မက်ဂင်း၊ ဒေါက်ကလပ်လူးဝစ်တို့ကလဲ နည်းပြအမ်မရီရဲ့ ကစားကွက်အောက်မှာ အကောင်းဆုံးပုံစံရရှိနေတာကြောင့် အေဗီလာရဲ့ ကစားအားဟာ အသင်းမရွေးယှဉ်ပြိုင်နိုင်စွမ်းရှိနေတာကို သတိပြုရမှာပါ။ အခုပွဲစဉ်ဟာ အဝေးကွင်းသွားရောက်ကစားရမှာဖြစ်ပေမဲ့ နော်တင်ဟမ်နဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ် သုံးပွဲဆက်နိုင်ပွဲရထားတဲ့ အေဗီလာအသင်းပဲ ရလဒ်ကောင်းမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ပဲလေ့စ် | ၀ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၂ | - | ၂ | လူတန် |
| လီဗာပူး | ၃ | - | ၀ | နော်တင်ဟမ် |

**အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေဗီလာ | ၁ | - | ၀ | ဇရင်စကီး |
| ဝုဖ် | ၁ | - | ၁ | အေဗီလာ |
| အေဗီလာ | ၄ | - | ၁ | ဝက်စ်ဟမ်း |
| အယ်ခမာ | ၁ | - | ၄ | အေဗီလာ |
| အေဗီလာ | ၃ | - | ၁ | လူတန် |

**ဝုဖ်ဘတ်အသင်း နိုင်ပွဲရှာရမှာပါ**

ဘွန်ဒက်လီဂါပွဲစဉ်(၁၀)မှာ အကြိုက်တွေ့မိတာကတော့ ဝုဖ်ဘတ်နဲ့ ဝါဒါဘရီမင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဖ်ဘတ်အသင်းဟာနောက်ဆုံးငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ပဲထွက်ပေါ်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ငါးပွဲစလုံးဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အပြောင်းအရွှေ့မှာ မာဂျာ၊ ဂရာဘာရာတို့လို ဂိုးသမားတွေကို အားဖြည့်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲမှာ လေးပွဲနိုင်၊ ငါးပွဲရှုံးနဲ့ အဆင့်(၉)မှာ ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ဟာနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ သွင်းဂိုးခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းတဲ့ အသင်းတွေဆို ဂိုးသွင်းများခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပိုကယ်ဖလား ပွဲစဉ်မှာလဲ လိုက်ပ်ဇစ်ကို အနိုင်ရထားတာကလဲ ကစားသမားတွေကို ယုံကြည်မှုပိုကောင်းစေခဲ့တာဖြစ်ပါတယ်။ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ခံစစ်ပိုင်းပေးဂိုးများတဲ့ ဝါဒါဘရီမင်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးဖို့ ကြိုးစားမှာဖြစ်သလို အနိုင်ရခဲ့ရင် အမှတ်ပေးဇယားအဆင့်(၇)ထိရောက်ရှိမဲ့ အခြေအနေကြောင့်လဲ ရေကုန်ရေခန်းကစားလာမှာသေချာပါတယ်။

ဝါဒါဘရီမင်အသင်းဟာ ပြီးခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာယူနီယံဘာလင်ကို နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းက အားရစရာရှိမနေခဲ့ပါဘူး။ သူတို့အသင်းဟာ ပထမပိုင်းမှာ ဧည့်သည်ရဲ့ ကိုယ့်ဂိုးကိုသွင်းယူမှုကနေ ဦးဆောင်ရခဲ့သလို ပွဲချိန် မိနစ် ၆၀ မှာလဲ ကွင်းလယ်ကစားသမားတစ်ယောက် အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် ဝါဒါဘရီမင်အသင်း ပိုမိုဖိအားပေးနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဝါနာကတော့ အသင်းရဲ့ ၂၀၂၁ ခုနှစ်ကတည်းက လက်တွဲခဲ့လို့ အသင်းရဲ့ ကစားသမားအကြောင်းနဲ့ ကစားအားကိုသိနေတာဖြစ်လို့ ပြိုင်ပွဲအတွင်း နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်နိုင်ပေမဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာ လိုအပ်ချက်တွေရှိနေသေးလို့ အခုချိန်ထိ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းခံစစ်ပိုင်းမှာလဲ ဝုဖ်ဘတ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်တဲ့ ခံစစ်ကစားသမား မရှိသေးတာကလဲ အဓိကအားနည်းချက်ဖြစ်နေပါတယ်။ ဒါကြောင့် အိမ်ကွင်းကောင်းတဲ့အသင်းနဲ့ အဝေးကွင်းခံစစ်ပိုင်း အားနည်းတဲ့အသင်းတို့တွေ့ချိန်မှာ ဝုဖ်ဘတ်အသင်းပဲအနိုင်ရမှာပါ။

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၂ | - | ၀ | ဖရန့်ဖတ် |
| စတုဂတ် | ၃ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၂ | လေဗာကူဆင် |
| အော့စ်ဘတ် | ၃ | - | ၂ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၀ | လိုက်ပ်ဇစ် |

**ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၄ | - | ၂ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၃ | - | ၃ | စိန့်ပေါ်လီ |
| ဒေါ့မွန် | ၁ | - | ၀ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၂ | - | ၀ | ယူနီယံဘာလင် |

**အလာဗက်အသင်းကို ရွေးရမှာပါ**

တနင်္ဂနွေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အလာဗက်နဲ့ အယ်မာရီယာအသင်းတို့ပွဲပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၁ ခုနှစ် စပိန်ဘုရင့်ဖလားမှာဖြစ်ပြီး အယ်မာရီယာက ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအချိန်တုန်းက အလာဗက်ဟာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အချိန်ဖြစ်သလို ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကလဲ အခုလောက်ကောင်းမွန်ခဲ့ခြင်းမရှိပါဘူး။ လက်ရှိမှာတော့ အလာဗက်ဟာ ပြိုင်ဘက်အသင်းတိုင်းက ကစားရခက်တဲ့ အသင်းဖြစ်နေပြီး အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ပြိုင်ဘက်ကို ပိုမိုဖိအားပေးပြီး ရမှတ်ရှာဖွေနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးငါးပွဲမှာ နိုင်ပွဲမရှိခဲ့ပေမဲ့ သရေရလဒ်သုံးပွဲ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပွဲကျပ်ကစားရခဲ့ရတဲ့ သူတို့အသင်းဟာ အခုလိုခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာဖို့ အစွမ်းကုန်ကြိုးစားလာမှာဖြစ်သလို ခံစစ်ပိုင်းက ပေးဂိုး ၃၁ ဂိုးထိရှိထားတဲ့ အယ်မာရီယာအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အယ်မာရီယာအသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲကစားအပြီးမှာ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ်သုံးမှတ်ပဲရခဲ့တာကြောင့် အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ စပိန်ဘုရင့်ဖလားပွဲစဉ်မှာတော့ အောက်တန်းကလပ် ဒီလာရီနာအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ နိုင်ပွဲပျောက်ဆုံးနေဆဲဖြစ်ပါတယ်။ လက်ရှိမှာလဲ သူတို့အသင်းတိုက်စစ်ကိုဦးဆောင်နေတဲ့ ဆွာရက်ဇ် ဒဏ်ရာရနေတာကလဲ အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေတာကြောင့် ဂိုးရဖို့ရုန်းကန်နေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ရလဒ်ပိုင်းဆိုးရွားနေတဲ့ နည်းပြမိုရီနိုကိုထုတ်ပယ်ပြီး နည်းပြဂါရီတာနိုကိုခန့်အပ်ခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲရှာမရသေးပါဘူး။ အခုပွဲစဉ်မှာလဲ နည်းပြသစ်အနေနဲ့ ခံစစ်ကစားပုံကို မပြင်နိုင်ခဲ့ရင်တော့ အလာဗက်အသင်းရဲ့ ဖိအားပေးမှုကို ပွဲချိန်ပြည့်ခံရမှာဖြစ်ပြီး အိမ်ရှင်အားသာချက်နဲ့ ကစားကွက်ပိုင်း အသာရနေတဲ့ အလာဗက်အသင်းကိုပဲရွေးရမှာပါ။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | အလာဗက် |
| အလာဗက် | ၀ | - | ၂ | အိုဆာဆူနာ |
| အလာဗက် | ၁ | - | ၁ | ဘက်တစ် |
| ဗီလာရီးရဲလ် | ၁ | - | ၁ | အလာဗက် |
| အေတီကို | ၂ | - | ၁ | အလာဗက် |

**အယ်မာရီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်မာရီယာ | ၃ | - | ၃ | ဂရန်နာဒါ |
| ဘီလ်ဘာအို | ၃ | - | ၀ | အယ်မာရီယာ |
| ဂျီရိုနာ | ၅ | - | ၂ | အယ်မာရီယာ |
| အယ်မာရီယာ | ၁ | - | ၂ | လက်ပါးမက် |
| ဒီလာရီနာ | ၀ | - | ၂ | အယ်မာရီယာ |

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

DAGON ဒဂုံ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

၁။ ယာဉ်မောင်း ကျား (၁) ဦး

- ဘာသာရေးဆိုင်ရာအသင်းအဖွဲ့တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သောကြောင့် သာသနာရေးကိစ္စများ စိတ်ဝင်စားသူကို ဦးစားပေးမည်။
- (၃၀-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။
- ပရိယတ္တိသာသနဟိတအသင်း၊ ၈၅လမ်း၊ ၃၄×၃၅လမ်းကြား၊ မန္တလေးမြို့။
- ဖုန်း/ ၀၉-၄၀၀၉၀၀၄၄၁ / ၄၄၂ / ၄၄၃

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနဟိတအသင်း**
**မန္တလေးမြို့။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ သာစည်ရပ်၊ နယ်မြေ(၃)၊ အိမ်အမှတ် (၄၄)နေ ဦးရဲဝင်း-ဒေါ်ကြည်ကြည်မျိုး တို့၏သားဖြစ်သူ **မောင်ခန့်သက်ဟန်(၅/စကန(နိုင်)၂၆၁၄၇၂)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးရဲဝင်း (၅/စကန(နိုင်)၀၁၅၅၁၃)**
**ဒေါ်ကြည်ကြည်မျိုး (၅/စကန(နိုင်)၀၁၅၅၁၄)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ. ထ. က(ခွဲ)ကုက္ကိုတွင် ဒုတိယအလယ်တန်းပြတာဝန် ထမ်းဆောင်နေသော ဒေါ်ဇာဇာဝင်း (၉/အမရ(နိုင်)၁၂၆၉၉၄) ၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၉-၈-၁၉၈၆ ဖြစ်ပါကြောင်း။

**၉-၈-၁၉၈၆**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ. ထ. က(ခွဲ)ကုက္ကိုတွင် ဒုတိယအလယ်တန်းပြတာဝန် ထမ်းဆောင်နေသော ဒေါ်ရွှေသန်းနု (၁၁/ရသတ(နိုင်)၀၀၀၀၁၂) ၏မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၁၀-၈-၁၉၇၀ ဖြစ်ပါကြောင်း။

**၁၀-၈-၁၉၇၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ အ. ထ. က(ချောင်းခွ)တွင် မူပြတာဝန်ထမ်းဆောင်နေသော (ဘ) ဦးထွန်းရွှေ ၏သမီး ဒေါ်ကြည်ထွေး (၉/တတဥ(နိုင်)၀၅၄၂၀၉) နှင့် ဒေါ်ကြည်ကြည်ထွေး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြည်ထွေး(ခ)ဒေါ်ကြည်ကြည်ထွေး**
**(၉/တတဥ(နိုင်)၀၅၄၂၀၉)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ အ. ထ. က(ချောင်းခွ)တွင် အထက်တန်းပြတာဝန်ထမ်းဆောင်နေသော ဦးဖိုးထူး (၉/တတဥ(နိုင်)၁၁၀၅၉၈)၏ဖခင်သည် အမှုထမ်းစာအုပ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ ဦးဖိုးငြိမ် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးဖိုးညိမ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးငြိမ်(ခ)ဦးဖိုးညိမ်(၉/တတဥ(နိုင်)၀၅၄၂၅၇)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့နယ်၊ အ. ထ. က(ချောင်းခွ)တွင် မူပြတာဝန်ထမ်းဆောင်နေသော ဒေါ်တင်တင်မာ(၉/တတဥ(နိုင်)၀၅၄၅၀၇)၏ဖခင်သည် အမှုထမ်းစာအုပ်နှင့်အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)ပါ ဦးကျန်တင် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးကြံတင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျန်တင် (ခ) ဦးကြံတင်**

## ဖခင်အမည်မှန်

တံတားဦးမြို့၊ အ. ထ. က(တံတားဦး) Grade-12 တွင် ပညာသင်ကြားနေသော မောင်လွင်ဖြိုးသန့် (၉/တတဥ(နိုင်)၁၅၁၁၇၆)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းနိုင် ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်(၉/တတဥ(နိုင်)၀၇၄၃၈၀)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက်မမေ့နှင့်**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

❖ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...

❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...

❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်ဗိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ခွန်စံလွင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ

စာမျက်နှာ ၁၈ ကော်လံ ၁☆

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၃**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်ထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်း၊အမျိုးသမီးအသင်း ၁၅ သင်းဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့်မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ရေးနှင့်မသက်ဆိုင်သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နယ်မြေလုံခြုံရေးစခန်းငယ်များကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများဆောင်ရွက်လာသဖြင့် တပ်မတော်က လိုအပ်သည့် တုံ့ပြန်မှုများ ဆောင်ရွက်**

စာမျက်နှာ - ၂၁



ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

